မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၂ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးဖြိုးဝင်းထွန်း | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကြည်လှိုင် | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

**တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်မောင် ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**ဥပဒေဘာသာပြန်ကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **ဥပဒေဘာသာပြန်ကော်မရှင်** တွင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | အတွင်းရေးမှူး<br>ဦးမင်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | အတွင်းရေးမှူး<br>ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၂) | တွဲဖက်အတွင်းရေးမှူး<br>ဒေါက်တာစုစုလှိုင်<br>ညွှန်ကြားရေးမှူး<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | တွဲဖက်အတွင်းရေးမှူး<br>ဦးကပ်တလွန်း<br>ညွှန်ကြားရေးမှူး<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

**မြန်မာနိုင်ငံစာရင်းကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၇ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစာရင်းကောင်စီကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ အရ အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင်များ |
| (င) | ဦးဘိုဘိုငယ်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ည) | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဋ) | ဦးမြတ်နိုးအောင်<br>ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးစိန်ဝင်း<br>ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးမိုးကျော်<br>ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာတင်လတ်<br>ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |

(ဏ) ဦးမောင်မောင်အောင် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(တ) ဒေါ်အေးသီတာ — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(ထ) ဒေါ်ကြူကြူဝင်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(ဒ) ဦးသူလှိုင်ထွန်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(ဓ) ဦးရဲရင့်ဝင်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(န) ဦးသိန်းဟန် — အဖွဲ့ဝင်
ဒုတိယဉက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ပ) ဦးဝင်းသင် — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ဖ) ဦးကျော်တင် — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ဗ) ဦးတင်ဝင်း — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ဘ) ဦးဝင်းထွဋ်အောင် — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(မ) ဦးတင်ရှိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ရ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

၂။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ စ၍ လေးနှစ်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတကာက ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများထိရောက်စွာ အကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့်မိတ်ဖက်အဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်စွာအသုံးပြုခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေး အဖွဲ့ (Development Assistance Coordination Unit - DACU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဒေါ်အောင်ဆန်းစုကြည်　　ဥက္ကဋ္ဌ
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

(ခ) ဦးစိုးဝင်း　　ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဦးသောင်းထွန်း　　ဒုတိယဥက္ကဋ္ဌ (၂)
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးထွန်းထွန်းနိုင်　　အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဦးဗရတ်ဆင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

(စ) ဒေါ်စီစီပြုံး　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဦးသန်းအောင်ကျော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဦးမင်းရဲပိုင်ဟိန်း　　အဖွဲ့ဝင်
အမှုဆောင်ဒါရိုက်တာ
မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)

(ဈ) ဦးဆက်အောင်　　အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အမျိုးသားမူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ခြင်း၊

(ခ) ဖွံ့ဖြိုးမှုမူဝါဒနှင့် မဟာဗျူဟာများကို စနစ်တကျထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ခေါင်းဆောင်မှုပေးခြင်း၊

(ဂ) ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီများကို -

(၁) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ မဟာဗျူဟာနှင့် ဖွံ့ဖြိုးမှုဦးစားပေးများနှင့်အညီ ဆောင်ရွက် နိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ညှိနှိုင်းခြင်း၊ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိစေရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ပြည်သူများအတွက် ဖွံ့ဖြိုးမှုရလဒ်ရရှိရေးအတွက် ဦးတည်၍ ဆောင်ရွက်ခြင်းနှင့် တာဝန်ခံခြင်း။

(ဃ) ဖွံ့ဖြိုးမှုအကူအညီများ အသုံးပြုရာတွင် အကျိုးကျေးဇူးအများဆုံးဖြစ်စေသည့် ဦးစားပေးကဏ္ဍ၊ ဒေသနှင့် လုပ်ငန်းစီမံကိန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၊ စီမံကိန်းကော်မရှင်၊ ကော်မတီ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း သတ်မှတ်ခြင်း၊

(င) ငွေပမာဏနည်းပါးသည့်အသေးစားအထောက်အပံ့နှင့် ကျွမ်းကျင်မှုအကူအညီလုပ်ငန်းစီမံချက် များကို သတ်မှတ်ခြင်း၊

(စ) အပိုဒ်ခွဲ (င) အရ သတ်မှတ်သော လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် လုပ်ငန်း အဖွဲ့များ (Sectoral Working Groups)၊ ဦးတည်ချက်အလိုက် လုပ်ငန်းအဖွဲ့များ (Thematic Working Groups) နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ငွေပမာဏများပြားသည့် အကြီးစား အထောက်အပံ့နှင့် ကျွမ်းကျင်မှုအကူအညီ လုပ်ငန်းစီမံချက် များကို အဆိုပြုအဆင့်၌ ကနဦးဆွေးနွေးသုံးသပ်ခြင်း၊ အကောင်အထည်ဖော်ရန် နှစ်ဖက်ညှိနှိုင်းသည့် အဆင့်တွင် ဆွေးနွေးသုံးသပ်ခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုချက် ရယူခြင်း၊

(ဇ) အတိုးနှုန်းသက်သာသည့်ချေးငွေ (concessional loans) များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ မတင်ပြမီ အဆိုပြုအဆင့်၌ သုံးသပ်ဆွေးနွေးခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများကို သင့်လျော်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊

(ည) ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက တင်ပြသော အဆိုပြုစီမံကိန်းများသည် ဦးစားပေးကဏ္ဍနှင့်ဒေသများ၌ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော စီမံကိန်းများဖြစ်စေရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) အထောက်အပံ့ (grant)၊ ချေးငွေ (loan) နှင့် ကျွမ်းကျင်မှုအကူအညီ (technical assistance) များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ များထံ ဖွံ့ဖြိုးမှုမိတ်ဖက်များက တင်ပြသည့် အဆိုပြုဖွံ့ဖြိုးမှုအကူအညီများကို အကဲဖြတ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူခြင်း၊

(ဌ) ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အနီးကပ်ဆက်ဆံ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဦးစားပေး စီမံကိန်းများကို ရှင်းလင်းအသိပေးခြင်း၊ ပုံမှန်ဆွေးနွေးမှုပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အမြင်များကို စဉ်းစား သုံးသပ်ခြင်း၊

(ဍ) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဦးစားပေး စီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်မှုရှိစေရေး အတွက် သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ ပြည်တွင်း ပြည်ပ အလှူရှင်များနှင့် ဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူခြင်း၊

(ပ) ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍများက တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ရန်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဏ) ဖွံ့ဖြိုးမှုအကူအညီပေးရာတွင် တွေ့ရှိရသည့် အခက်အခဲများကို ဖြေရှင်းခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက စဉ်းစားဆောင်ရွက်နိုင်ရေးအတွက် အကြံပြုခြင်း၊

(တ) ဖွံ့ဖြိုးမှုမိတ်ဖက်များက အစီရင်ခံသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် အချိန်နှင့် တစ်ပြေးညီဖြစ်စေရေးအတွက် ကြီးကြပ်ခြင်းနှင့် အစီရင်ခံချက်များကို အကဲဖြတ်ခြင်း၊

(ထ) နည်းပညာပံ့ပိုးမှု ရရှိရေးအတွက် နည်းပညာပံ့ပိုးမှုအဖွဲ့ကို သင့်လျော်သူများဖြင့် ဖွဲ့စည်းခြင်း၊

(ဒ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ (မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မြို့ပြ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြို့အဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

(ခ) **ဒေသ**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားသော မြို့ပြနှင့်တကွ မြို့ပြအနီးဝန်းကျင်ရှိ မြို့ပြနှင့်ဆက်စပ်လျက်ရှိသော ကျေးရွာများ၊ မြို့ပြအတွင်း ပါဝင်သော ရပ်ကွက်များနှင့် ကပ်လျက်ရှိသည့် နယ်မြေကို ဆိုသည်။

(ဂ) **ဖွံ့ဖြိုးရေး**ဆိုသည်မှာ မြို့ပြ သို့မဟုတ် မြို့ပြများ၊ ဒေသတစ်ခု သို့မဟုတ် ဒေသများ ဖွံ့ဖြိုးရေးကို ဆိုသည်။ ယင်းစကားရပ်တွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းအစီအမံများကို လိုက်လျောညီထွေရှိစေမည့် မြေအသုံးချမှုနှင့် ဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်း အဆိုပြုချက်များလည်း ပါဝင်သည်။

(ဃ) **ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**ဆိုသည်မှာ မြို့ပြနှင့် ဆက်စပ်ပတ်ဝန်းကျင်ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများအား မြို့ပြနှင့်ဒေသ မြေအသုံးချမှု အမျိုးမျိုးအတွက် လျာထား၍ သဘာဝအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းနိုင်ရန် ရေတို၊ ရေရှည် မျှော်မှန်းချက်များဖြင့် ရှုထောင့်စုံမှ စဉ်းစား၍ ကြိုတင်စီမံရေးဆွဲရသည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(င) **ဖွံ့ဖြိုးရေးစီမံကိန်း**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသည့် အကျိုးရလဒ်ဖြစ်သော မြေပုံကားချပ်၊ အစီရင်ခံစာ စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့ပြစနစ်စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေးသဘောထားစီမံကိန်း၊ ပင်မမြို့ပြစီမံကိန်း၊ အသေးစိတ်မြို့ပြ စီမံကိန်းစသည်တို့ ပါဝင်သည်။

(စ) **မြို့ပြစနစ်စီမံကိန်း**ဆိုသည်မှာ မြို့ပြများ အချင်းချင်းကွန်ရက်ချိတ်ဆက်၍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာများနှင့် အနာဂတ်မျှော်မှန်းချက်များကို ပေါင်းစပ်ရေးဆွဲထားသော စနစ်စီမံကိန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားမြို့ပြစနစ် စီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြစနစ်စီမံကိန်းတို့ ပါဝင်သည်။

(ဆ) **မြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့ပြများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် မြေအသုံးချမှု၊ ဇုန်သတ်မှတ်မှု၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စသည်တို့ကို ပေါင်းစပ်ထည့်သွင်း၍ မြို့ပြချဲ့ထွင်ခြင်း၊ မြို့သစ်တည်ထောင်ခြင်း၊ မြို့ပြပြန်လည်ဆန်းသစ်ခြင်း စသည့် ကာလတို၊ ကာလရှည်မျှော်မှန်းရေးဆွဲသည့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းကို ဆိုသည်။

(ဇ) **မြို့ပြဖွံ့ဖြိုးရေးသဘောထားစီမံကိန်း**ဆိုသည်မှာ မြို့၏လက်ရှိ လူမှုစီးပွားနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးမှုအခြေအနေနှင့် သဘာဝအရင်းအမြစ်တို့ကို အခြေခံ၍ အနာဂတ်တွင် မျှော်မှန်းသည့် မြို့ပြဖွံ့ဖြိုးမှုကို ဖော်ပြသော သဘောထားစီမံကိန်းကို ဆိုသည်။

(ဈ) **ပင်မမြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့ပြနှင့်ဒေသတစ်ခုတွင် နေထိုင်သူတို့အတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို လူမှုစီးပွားနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေးစနစ်များအတွက် မြေနေရာအကျယ်အဝန်း၊ မြေအသုံးချမှု၊ ဇုန်သတ်မှတ်ခြင်း စသည်တို့ကို စီမံကိန်းအကောင်အထည်ဖော်မည့် ကာလသတ်မှတ်ချက်များနှင့်တကွ ဖော်ပြခြင်းဖြစ်ပြီး မြို့ပြနှင့်ဒေသ၏ ထူးခြားသောလက္ခဏာ အရည်အသွေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးရေးစသည်တို့ကို ဖော်ပြထားသော စီမံကိန်းကို ဆိုသည်။

(ည) **အသေးစိတ်မြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲမည့် နယ်မြေ၏ လူဦးရေသိပ်သည်းမှု၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးမှုနှင့် မြေအသုံးချမှုဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်စသည်တို့ကို အသေးစိတ်ဖော်ပြထားသော စီမံကိန်းကို ဆိုသည်။

(ဋ) **နည်းပညာပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ**ဆိုသည်မှာ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေပေးဝေရေးစနစ်၊ ရေမြောင်းစနစ်၊ မိလ္လာနှင့်ရေဆိုးစွန့်ထုတ်သည့်စနစ်၊ အမှိုက် သို့မဟုတ် စွန့်ပစ်ပစ္စည်း စွန့်ပစ်သည့်စနစ်၊ ဆက်သွယ်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးစနစ်စသည့် အခြေခံအဆောက်အအုံကို ဆိုသည်။

( ၄ ) **လူမှုရေးနှင့်စီးပွားရေးအခြေခံအဆောက်အအုံ**ဆိုသည်မှာ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ အားကစား၊ ဈေး၊ ကုန်သွယ်မှုနှင့် အပန်းဖြေအနားယူမှု စသည့် လူမှုစီးပွားဆိုင်ရာ အခြေခံ အဆောက်အအုံကို ဆိုသည်။

( ၃ ) **ဇုန်**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန်၊ ဘေးအန္တရာယ် အမျိုးမျိုးဒဏ်ခံရမှုမှ လျှော့ချနိုင်ရန်နှင့် မြေအသုံးချမှုကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်၍ မြေအသုံးချမှုအလိုက် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

( ပ ) **မြေအသုံးချမှု**ဆိုသည်မှာ မြေထုနှင့် ဆက်စပ်လျက်ရှိသော မြေမျက်နှာပြင်၊ ရေပြင်နှင့် မြေအောက် ဧရိယာများကို လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ အသုံးချမှုကို ဆိုသည်။

( ဏ ) **မြို့ပြဖွံ့ဖြိုးရေးအရန်မြေ**ဆိုသည်မှာ မြို့ပြအခြေခံ အဆောက်အအုံအတွက်ဖြစ်စေ၊ အနာဂတ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ဖြစ်စေ ဖွံ့ဖြိုးရေးစီမံကိန်းအရ လျာထား သတ်မှတ်ထားသော အရန်မြေ၊ ၎င်းအရန်မြေနှင့် ဆက်စပ်လျက်ရှိသော ရေပြင်ကို ဆိုသည်။

( တ ) **ကြားခံနယ်မြေ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးဒဏ်ခံရမှုများမှ ကာကွယ်လျှော့ချ နိုင်ရေးအတွက် ရည်ရွယ်၍ ချန်လှပ်ထားရှိသော ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရန် သတ်မှတ်ထားသည့် နယ်မြေ၊ ၎င်းနယ်မြေနှင့် ဆက်စပ်လျက်ရှိသော ရေပြင်ကို ဆိုသည်။

( ထ ) **ကွက်လပ်မြေ**ဆိုသည်မှာ အများပြည်သူနှင့်သက်ဆိုင်သော ကိစ္စရပ်အမျိုးမျိုးအတွက် အသုံး ပြုလျက်ရှိသည့် သို့မဟုတ် အနာဂတ်တွင် အသုံးပြုရန် ချန်လှပ်ထားသည့် မြေကွက်လပ်ကို ဆိုသည်။

( ဒ ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေအရ ဖွဲ့စည်းပေးသည့် အမျိုးသားမြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး ဗဟိုကော်မတီကို ဆိုသည်။

( ဓ ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ဗဟိုကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေအရ ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီ တစ်ရပ်ရပ်ကို ဆိုသည်။

( န ) **စီမံကိန်းအာဏာပိုင်**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့် ထုတ်ပေးရန် ဒေသဆိုင်ရာကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးသည့် စီမံကိန်းအာဏာပိုင် တစ်ရပ်ရပ်ကို ဆိုသည်။

( ပ ) **မြို့တော်စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

( ဖ ) **စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ မြို့နယ် သို့မဟုတ် မြို့စည်ပင်သာယာရေးကော်မတီ တစ်ခုခုကို ဆိုသည်။

( ဗ ) **ရင်းနှီးတည်ဆောက်သူ**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းကို ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်နှင့်အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းဆောင်ရွက်သူကို ဆိုသည်။

( ဘ ) **စီမံကိန်းအတည်ပြုချက်**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားတစ်ရပ်ရပ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့မှဖြစ်စေ အတည်ပြုသည့် စီမံကိန်းအတည်ပြုချက်ကို ဆိုသည်။

( မ ) **ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်**ဆိုသည်မှာ စီမံကိန်းအတည်ပြုချက်နှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီတစ်ရပ်ရပ်မှ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

( ယ ) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ရ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

( လ ) **ဦးစီးဌာန**ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူများအတွက် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် ဘက်စုံကောင်းမွန်သော မြို့ပြများ တည်ထောင်နိုင်ရန်၊

(ခ) နိုင်ငံတော်အတွင်း နယ်မြေဒေသ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချနိုင်စေရန်အတွက် ဘက်ညီမျှတသော မြို့ပြများ စနစ်တကျထူထောင် တည်ဆောက်ရန်၊

(ဂ) လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဦးတည်ရေးဆွဲသော ကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းများနှင့် မြေအသုံးချမှုကို အခြေခံသည့် ဒေသဆိုင်ရာ စီမံကိန်းများကို ပေါင်းစပ်၍ အခြေချနေထိုင်ရာ မြို့ပြဒေသများ စနစ်တကျ ဖော်ဆောင်နိုင်ရန်။

## အခန်း (၃)
## ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အခြေခံမူများ

၄။ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးစီမံကိန်းများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ရေး၊ လုံခြုံရေးတို့နှင့်စပ်လျဉ်းသည့် မဟာဗျူဟာနှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေရှိစေခြင်း၊

(ခ) သိပ္ပံနည်းကျ ကြိုတင်ခန့်မှန်းတွက်ချက်မှုများနှင့် သုတေသနပြုလုပ်ခြင်း၊ လက်တွေ့ကျသည့် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အများပြည်သူအား ထိခိုက်သည့် ဘေးအန္တရာယ်များ ကျရောက်နိုင်မှုကို ကြိုတင်ကာကွယ်ခြင်း သို့မဟုတ် လျှော့ချရန်ဆောင်ရွက်ခြင်းနှင့် မြို့ပြမြေယာ ရှုခင်းအသွင်အပြင် ပိုမိုကောင်းမွန်လာစေခြင်း၊

(င) ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ချက် ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် အရည်အသွေး၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ နေရာဒေသများ၊ အမှတ်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) နိုင်ငံတော်၏ လိုအပ်လာသည့် မြို့ပြမြေများ ဖော်ထုတ်ရာတွင် မြေအသုံးချမှု မူဝါဒများနှင့်အညီ မြေအသုံးပြုမှု ပြောင်းလဲခြင်း၊ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖန်တီးပေးခြင်းနှင့် မြို့ပြမြေအား အကျိုးရှိ ထိရောက်စွာ အသုံးပြုခြင်း၊

(ဆ) မြို့ပြဖွံ့ဖြိုးရေးဖြစ်စဉ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးရာကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးတို့ကို အထောက်အကူဖြစ်စေခြင်း၊

(ဇ) မြေအောက်နှင့် ရေအောက်နေရာများတွင် တည်ဆောက်မှုလုပ်ငန်းများသည် မြေပေါ်ရှိ သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ မြို့ပြအခြေခံအဆောက်အအုံများ၏ စနစ်နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(ဈ) မြို့ပြဧရိယာများအတွင်းရှိ မြေအသုံးပြုမှု အမျိုးမျိုးကို သဟဇာတဖြစ်စွာ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ည) လူနေအိမ်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကုန်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ပန်းခြံများ၊ သစ်ပင်များ၊ ရေပြင်၊ မော်တော်ယာဉ်ရပ်နားရန် နေရာများနှင့် အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် လိုအပ်ချက်ပြည့်မီစေခြင်း၊

(ဋ) နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်ချက် ပြည့်မီစေခြင်းနှင့် ဒေသတွင်း၊ နိုင်ငံတော်နှင့် နိုင်ငံတကာနည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက် အအုံစနစ်များနှင့် အံဝင်ခွင်ကျဖြစ်စေခြင်း၊

(ဌ) ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအတည်ပြုရာ၌ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး စီမံကိန်းများနှင့်သော်လည်းကောင်း၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ခြုံငုံရေးဆွဲထားသည့် မြေအသုံးချမှုစီမံကိန်းများနှင့်သော်လည်းကောင်း လိုက်လျောညီထွေဖြစ်စေခြင်း။

## အခန်း (၄)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၅။　ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူတစ်ဦးဦးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ မြို့တော်ဝန်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန် သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူး တစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။　ဗဟိုကော်မတီ၏ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြမူဝါဒချမှတ်ခြင်းနှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရသို့ ပြုစုတင်ပြနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ဥပဒေများကို အခါအားလျော်စွာ ရေးဆွဲဆောင်ရွက်ရန် အတွက်လည်းကောင်း၊ တည်ဆဲဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး အတွက်လည်းကောင်း ပြည်ထောင်စုအစိုးရသို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(ဂ) ဒေသဆိုင်ရာ ကော်မတီများအား ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်း အမျိုးအစားများကို စိစစ်အကြံပြုခြင်း၊

(င) မြို့ပြကြီးထွားမှုကြောင့် လိုအပ်လာသည့် မြို့ပြတိုးချဲ့ရေးနှင့် မြို့သစ်တည်ဆောက်ရေး အဆိုပြု စီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန် ကြပ်မတ်ခြင်း၊

(ဆ) ဒေသတစ်ခုအတွင်း မြို့ပြဖွံ့ဖြိုးရေးအရန်မြေ ဧရိယာသတ်မှတ်ခြင်း၊ အဆိုပါ သတ်မှတ်ဧရိယာ အတွင်းရှိ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အခြားနည်းအသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက် ပေးပို့ခြင်း၊

(ဇ) ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း။

## အခန်း (၅)
## ဒေသဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး ကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီ၏ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီမှ လမ်းညွှန်ချက်များကို ဤဥပဒေနှင့်အညီ သက်ဆိုင်ရာအုပ်ချုပ်မှုနယ်နိမိတ်အတွင်းရှိ မြို့ပြနှင့်ဒေသ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်း အမျိုးအစားများကို စစ်ဆေးခြင်း၊ လက်ခံအတည်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) မြို့ပြတိုးချဲ့ရေး၊ မြို့သစ်တည်ဆောက်ရေး စီမံကိန်းများကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူအကောင်အထည်ဖော်ခြင်း၊

(ဃ) စီမံကိန်းခွင့်ပြုမိန့်တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(င) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး ကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း (၆)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးဌာန၏ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကိုရေးဆွဲ၍ ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စု အစိုးရသို့ တင်ပြခြင်း၊

(ခ) မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရထံသို့ အတည်ပြုပေးရန် ဦးစီးဌာနတင်ပြသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဃ) ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသန လုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးဆောင်ရွက်ခြင်း၊

(င) နိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေး အတွက် နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ ပေးအပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် မြို့ပြစီမံကိန်းဆိုင်ရာ အခြေခံအဆောက်အအုံဆိုင်ရာနှင့် အဆောက် အဦဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဆ) မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပညာရပ်ကျွမ်းကျင်သူကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ အရည်အချင်း၊ လုပ်ငန်းအသိအမှတ်ပြု သတ်မှတ်ချက်၊ လက်မှတ်များ ထုတ်ပြန်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက အဆိုပါ ဒေသများ အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

## အခန်း (၇)
## မြို့အတန်းအစားသတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်း

၁၁။ (က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်အတွင်းရှိ မြို့များကို “က”၊ “ခ”၊ “ဂ”၊ “ဃ” သို့မဟုတ် “င” ဟူ၍ အတန်းအစား သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အတန်းအစားသတ်မှတ်ရာတွင် အောက်ပါအခြေခံ သတ်မှတ်ချက်စံနှုန်း များနှင့်အညီ ဆောင်ရွက်ရမည် -

(၁) မြို့၏တည်နေရာ၊ မြို့ပြလုပ်ငန်းဆောင်တာများ၊ မြို့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လူမှု စီးပွားဖွံ့ဖြိုးမှု အခြေအနေ၊

(၂) လူဦးရေနှင့် အကျယ်အဝန်း၊

(၃) လူဦးရေသိပ်သည်းမှု၊

(၄) စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းခွင်တွင် အလုပ်အကိုင်ရရှိမှု၊

(၅) သဘာဝအရင်းအမြစ် ရရှိနိုင်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊

(၆) ထူးခြားသော ဝိသေသ လက္ခဏာများ။

၁၂။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သော မြို့အတန်းအစားကို လူမှုစီးပွား ဖွံ့ဖြိုးမှုအပေါ် မူတည်၍ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ် နိုင်သည်။

၁၃။ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အမျိုးအစားကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည် -

(က) အမျိုးသားမြို့ပြစနစ် စီမံကိန်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့ပြစနစ် စီမံကိန်း၊

(ဂ) မြို့ပြဖွံ့ဖြိုးရေးသဘောထား စီမံကိန်း၊

(ဃ) ပင်မမြို့ပြ စီမံကိန်း၊

(င) အသေးစိတ်မြို့ပြ စီမံကိန်း၊

(စ) စီမံကိန်းတည်နေရာ၊ မြေဧရိယာ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လူဦးရေပမာဏ၊ မြေအသုံးချမှုစသည့် စီမံကိန်းစံညွှန်းဖြင့် သတ်မှတ်ထားသော မြို့သစ်စီမံကိန်း၊ မြို့တိုးချဲ့ခြင်း စီမံကိန်း၊ မြို့ပြပြန်လည် ဆန်းသစ်ခြင်း စီမံကိန်း၊ စက်မှုဇုန်စီမံကိန်း စသည့် စီမံကိန်းများ၊

(ဆ) အထူးဖွံ့ဖြိုးရေးနယ်မြေ၏ စီမံကိန်း၊

(ဇ) နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်း။

၁၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၃ ပါ ဖွံ့ဖြိုးရေးစီမံကိန်း အမျိုးအစားတစ်ခုချင်းစီတွင် ပါဝင်ရမည့် အကြောင်း အရာ၊ စကေးဖော်ပြချက်၊ ဖွံ့ဖြိုးရေးစီမံကိန်းပုံစံ၏ စီမံကိန်းကာလနှင့် အရေးပါမှု အခန်းကဏ္ဍများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၁၅။ ပုဒ်မ ၁၃ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲပြုစုရာတွင် အောက်ပါအချက်အလက်များကို အခြေခံရမည်-

(က) လူမှုစီးပွားဖွံ့ဖြိုးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်၏ မဟာဗျူဟာများ၊ အတည် ပြုထားသော ဒေသအတွင်း မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်များနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကဲ့သို့သော ကဏ္ဍအလိုက် လုပ်ငန်းအစီအမံများ၊ အမျိုးသားမြို့ပြစနစ် စီမံကိန်းမူဘောင်၊ ဒေသန္တရအဆင့် တည်ဆောက်ရေးစီမံကိန်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့ပြစနစ်စီမံကိန်းမူဘောင် စသည့် စီမံကိန်းများ၊

(ခ) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊

(ဂ) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စံနှုန်းများနှင့် ကဏ္ဍအလိုက် စံနှုန်းများ၊

(ဃ) မြေတိုင်းတာရေးနှင့် မြေပုံထုတ်လုပ်ရေး ကျွမ်းကျင်ပညာရှင်နှင့် အဖွဲ့အစည်းများမှ ပုံထုတ် ရေးဆွဲသော မြေမျက်နှာသွင်ပြင်ပြမြေပုံများ၊

(င) သက်ဆိုင်ရာဒေသများ၊ ကဏ္ဍများနှင့်ပတ်သက်သည့် လူမှုစီးပွားဆိုင်ရာ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများ၊

(စ) ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာ လက္ခဏာများနှင့် ဒေသဆိုင်ရာ လမ်းညွှန်ချက်များ။

၁၆။ အမျိုးသားမြို့ပြစနစ် စီမံကိန်းသည် နိုင်ငံတော်အတွင်း မြို့အသီးသီး၏ မြို့ပြဖွံ့ဖြိုးရေးဦးတည်ချက်ကို ညွှန်ပြခြင်းနှင့် ထိန်းကွပ်ခြင်းပြုရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုက်နာရမည့် မြို့ပြနှင့် ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အခြေခံတစ်ခုဖြစ်ပြီး ၎င်းစီမံကိန်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) နိုင်ငံအတွင်း ဖွံ့ဖြိုးမှုအလားအလာ အများဆုံးရှိသည့် မြို့ကြီး၊ မြို့ငယ်များ၊ အဓိကသယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းအတွင်းရှိ လမ်းဆုံမြို့များ၊ နယ်စပ်မြို့များ၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်သည့် ဒေသများစသည်တို့ကို ရွေးချယ်ဖော်ပြခြင်း၊

(ခ) နိုင်ငံတော်အတွင်း အဓိကသုံးစွဲနေသော ကားလမ်း၊ ရထားလမ်း၊ ကုန်းတွင်းဆိပ်ကမ်း၊ ပင်လယ် ရေနက်ဆိပ်ကမ်း၊ လေဆိပ်စသည့် သယ်ယူပို့ဆောင်ရေးစနစ်နှင့် လမ်းကြောင်းများကို စီမံကိန်းတွင် ဖော်ပြ၍ ထပ်မံတိုးချဲ့သင့်သည့် လမ်းကြောင်းများကို အဆိုပြုခြင်း၊ သွားလာရေးခက်ခဲသော အရပ်ဒေသများအတွက် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်မှုကို ထည့်သွင်းဖော်ပြခြင်း၊

(ဂ) စားနပ်ရိက္ခာအတွက် လယ်ယာမြေ ကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲမှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ သစ်တောထိန်းသိမ်းခြင်း၊ ဒီရေတောနှင့် ရွံ့နွံဧရိယာ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲစနစ် ထိန်းသိမ်းခြင်း၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဒေသများ သတ်မှတ်ခြင်း၊ သဘာဝမြေမျက်နှာသွင်ပြင်နှင့် မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်း စသည့် နိုင်ငံတော်အတွင်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည့် ဒေသများနှင့် ပြန်လည်ပြုစုပျိုးထောင်ရန် လိုအပ်နေသည့် ဒေသများကို ဖော်ပြခြင်း၊

(ဃ) နိုင်ငံတော်အတွင်း တည်ရှိနေသော လူနေမြို့ရွာများကို အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း၊ ယင်းသို့ဖော်ပြရာတွင် မြို့များ၏ လက်ရှိအုပ်ချုပ်မှု အခြေအနေ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေးစနစ်၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုကဏ္ဍ စသည်ဖြင့် ပြည်သူလူထုသို့ ဖြည့်ဆည်းပေးနေသော အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုစနစ် စသည်တို့ကို ဖော်ပြခြင်း၊

(င) မြို့ရွာအသီးသီးတွင် လူဦးရေဖြန့်ကြက်နေထိုင်မှုပုံစံနှင့် အနာဂတ်လူဦးရေကို ခန့်မှန်းဖော်ပြခြင်း၊

(စ) အထက်ပါစီမံကိန်းတွင် ဖော်ပြချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာနည်းဗျူဟာများ ဖော်ပြခြင်း။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြစနစ်စီမံကိန်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) ဤဥပဒေပုဒ်မ ၁၆ ပါ အချက်များပါဝင်သော စီမံကိန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ရေးဆွဲရမည်ဖြစ်ပြီး ယင်းသို့ ရေးဆွဲရာတွင် အမျိုးသားမြို့ပြစနစ် စီမံကိန်းနှင့် ကိုက်ညီမှုရှိခြင်း၊

(ခ) ၎င်းစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးပမာဏ၊ လုပ်ငန်းတစ်ခုချင်းစီအတွက် ငွေကြေးရရှိနိုင်သည့် နည်းလမ်းစသည်တို့အပါအဝင် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ခြင်း လုပ်ငန်းအစီအစဉ်များကို ဖော်ပြခြင်း၊ လိုအပ်သော စွမ်းရည်ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်များကို ထည့်သွင်းဖော်ပြခြင်း၊

(ဂ) ယင်းလုပ်ငန်းအကောင်အထည်ဖော်မှုအပေါ် ကြီးကြပ်စစ်ဆေးသော နည်းစနစ်များကို ထည့်သွင်းဖော်ပြခြင်း၊ လုပ်ငန်းအောင်မြင်မှု မျှော်မှန်းရလဒ်များကို တိုင်းတာသည့် အညွှန်းကိန်းများ ပါဝင်စေခြင်း။

၁၈။ မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်းတွင် ပါဝင်ရမည့် အကြောင်းအရာ၊ စီမံကိန်းသက်တမ်းနှင့် အရေးပါမှုအခန်းကဏ္ဍတို့မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယင်းစီမံကိန်းတွင် မြို့တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ အဓိက တွန်းအားများနှင့် ကန့်သတ်ချက်များ၊ လူဦးရေ၊ မြေအကျယ်အဝန်း၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစံချိန်စံညွှန်းများ၊ မြေအောက်နေရာများ၊ ရေပြင်ဧရိယာနေရာများ အပါအဝင် မြို့၏အတွင်းပိုင်း ဧရိယာများနှင့် ဆင်ခြေဖုံးအရပ်ဒေသများ၏ ဖွံ့ဖြိုးမှုပုံစံနှင့် မြို့ကွက်ဖွဲ့စည်းတည်ဆောက်မှု၊ မြို့ပြမြေယာရှုခင်း အသွင်အပြင်၊ မြို့အတွင်းရှိ လုံခြုံရေးနှင့် စီမံအုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လေ့ကျင့်သင်ကြားရေးဌာနများ၊ စိမ်းလန်းမြေနှင့် ပန်းခြံများ၊ ကာယလေ့ကျင့်ရေးနှင့် အားကစားဆိုင်ရာအဆောက်အအုံများ၊ မြို့နယ်နိမိတ်အတွင်း နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက် မူဘောင်အတွင်း ပေါင်းစပ်ညှိနှိုင်းရေးဆွဲရမည်။ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် သဘာဝအရင်းအမြစ်အသုံးပြုမှု အစီအမံများ စသည်တို့ကိုလည်း ထည့်သွင်းဖော်ပြရမည်။

(ခ) ယင်းစီမံကိန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ဆောင်ခြင်းကို အားပေးမြှင့်တင်မည့် နယ်မြေများနှင့် ထိန်းချုပ်မည့် နယ်မြေများ၊ ထိန်းသိမ်းစောင့်ရှောက်ရမည့်နေရာများ၊ မြို့ပြဖွံ့ဖြိုးရေး အရန်မြေ၊ ကြားခံနယ်မြေ၊ ကွက်လပ်မြေတို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဂ) ယင်းစီမံကိန်းသည် နောင်လာမည့် နှစ် ၅၀ အတွက် မြို့၏အလားအလာနှင့် မျှော်မှန်းချက်များ ထည့်သွင်းရေးဆွဲထားသော စီမံကိန်းဖြစ်ပြီး သက်တမ်းကို ၁၀ နှစ်မှ နှစ် ၃၀ အထိ သတ်မှတ်နိုင်သည်။

(ဃ) အတည်ပြုပြီးဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်းသည် ယင်းမြို့အတွက် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းရေးဆွဲခြင်း၊ ဇုန်အလိုက် မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ အသေးစိတ်မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အခြေခံမူဘောင် ဖြစ်စေရမည်။

၁၉။ မြို့နယ်နိမိတ်အတွင်းရှိ နယ်မြေများအတွက်လည်းကောင်း၊ မြို့နယ်နိမိတ်ပြင်ပရှိ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန် ခွင့်ပြုချက်ရရှိထားသည့် နယ်မြေများအတွက်လည်းကောင်း ပင်မမြို့ပြစီမံကိန်းရေးဆွဲရာတွင် ပါဝင်ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယင်းစီမံကိန်းတွင် မျှော်မှန်းလူဦးရေသိပ်သည်းမှု၊ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးမည့် စံချိန်စံညွှန်းများ၊ ပြည်သူလူထုအတွက် လူမှုရေးနှင့် စီးပွားရေး အခြေခံအဆောက်အအုံဆိုင်ရာ ဖြည့်ဆည်းပေးမှုအခြေအနေ၊ ဇုန်သတ်မှတ်ခြင်း၊ မြို့ပြမြေအသုံးချမှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အဆောက်အဦ အမျိုးအစားသတ်မှတ်ခြင်းတို့ကို ဖော်ပြခြင်း၊ မြို့ပြဖွံ့ဖြိုးရေး အရန်မြေ၊ ကြားခံနယ်မြေ၊ ကွက်လပ်မြေ ဖော်ပြခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်မည့်အစီအစဉ်ကို ဖော်ပြခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် စသည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ခ) ယင်းစီမံကိန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးလုပ်ဆောင်မည့် လုပ်ငန်းအစီအမံများကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဂ) ယင်းစီမံကိန်းသည် နောင်လာမည့် နှစ် ၃၀ အတွက် မြို့၏အလားအလာနှင့် မျှော်မှန်းချက်များ ပါဝင်ရေးဆွဲထားသော စီမံကိန်းဖြစ်ပြီး သက်တမ်းကို ၁၀ နှစ် မှ ၁၅ နှစ်အထိ သတ်မှတ်နိုင်သည်။

(ဃ) အတည်ပြုပြီးဖြစ်သည့် ပင်မမြို့ပြစီမံကိန်းသည် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲရာတွင်လည်းကောင်း၊ အသေးစိတ်မြို့ပြစီမံကိန်း ရေးဆွဲရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် စီမံကိန်းခွင့်ပြုမိန့် ထုတ်ပေးရာတွင်လည်းကောင်း အခြေခံမူဘောင် ဖြစ်စေရမည်။

၂၀။ မြို့နယ်နိမိတ်အတွင်းရှိ နယ်မြေများအတွက်လည်းကောင်း၊ မြို့နယ်နိမိတ်ပြင်ပရှိ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန် ခွင့်ပြုချက်ရရှိထားသည့် နယ်မြေများအတွက်လည်းကောင်း အသေးစိတ်မြို့ပြစီမံကိန်းရေးဆွဲရာတွင် ပါဝင်ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယင်းစီမံကိန်းတွင် မျှော်မှန်းလူဦးရေသိပ်သည်းမှု၊ ပြည်သူလူထုအတွက် လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံဆိုင်ရာ ဖြည့်ဆည်းပေးမှုအခြေအနေ၊ မြို့ပြမြေအသုံးချမှုဆိုင်ရာ ဖော်ပြခြင်းနှင့် အဆောက်အဦအမျိုးအစားသတ်မှတ်ခြင်းတို့ကို ဖော်ပြခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်မည့် အစီအစဉ်ကို ဖော်ပြခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် စသည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ခ) ယင်းစီမံကိန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ဆောင်မည့် အသေးစိတ်လုပ်ငန်းအစီအမံများကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဂ) ယင်းစီမံကိန်း၏ သက်တမ်းကို ၅ နှစ်မှ ၁၀ နှစ်အထိ သတ်မှတ်နိုင်သည်။

(ဃ) အတည်ပြုပြီးသည့် အသေးစိတ်မြို့ပြစီမံကိန်းသည် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများအတွက် စီမံကိန်းခွင့်ပြုမိန့်ထုတ်ပေးရာတွင် အခြေခံမူဘောင်ဖြစ်စေရမည်။

၂၁။ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစီမံကိန်း ရေးဆွဲရာတွင် အောက်ပါအကြောင်းအရာများ ပါဝင်ရမည် -

(က) မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် လမ်းကွန်ရက်စနစ်၊

(ခ) မြို့ပြအခြေခံမြေမျက်နှာသွင်ပြင် အနိမ့်အမြင့်နှင့် ရေမြောင်းစနစ်၊

(ဂ) ရေအရင်းအမြစ်ရရှိနိုင်မှုနှင့် မြို့ပြရေပေးဝေရေးစနစ်၊

(ဃ) မြို့ပြရေဆိုးစွန့်ထုတ်သည့်စနစ်၊

(င) စွမ်းအင်ဖြန့်ဖြူးရေးနှင့် မြို့ပြလျှပ်စစ်ပေးဝေမှုစနစ်၊

(စ) သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးစနစ်၊

(ဆ) အမှိုက်စွန့်ပစ်သည့်စနစ်၊

(ဇ) ဗဟိုကော်မတီက လိုအပ်သည်ဟု သတ်မှတ်သည့် အကြောင်းအရာများ။

## အခန်း (၈)
## ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်း

၂၂။ ဦးစီးဌာနသည် အောက်ပါဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲပြုစု၍ ဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုကော်မတီက ဆန်းစစ်နိုင်ရန်တင်ပြရမည် -

(က) အမျိုးသားမြို့ပြစနစ် စီမံကိန်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့ပြစနစ် စီမံကိန်းများ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် အထူးဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေ၏ စီမံကိန်းများ၊

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ) ပါ စီမံကိန်းများ။

၂၃။ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီတို့သည် သက်ဆိုင်ရာ မြို့အတန်းအစားအလိုက် အောက်ပါဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲပြုစု၍ ဒေသဆိုင်ရာ ကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆန်းစစ်နိုင်ရန် တင်ပြနိုင်သည် -

(က) "က"၊ "ခ"၊ "ဂ"၊ "ဃ" သို့မဟုတ် "င" အတန်းအစား မြို့များ၏ မြို့ပြဖွံ့ဖြိုးရေး သဘောထား စီမံကိန်းများ၊

(ခ) "က"၊ "ခ" သို့မဟုတ် "ဂ" အတန်းအစား မြို့များ၏ ပင်မမြို့ပြ စီမံကိန်းများ။

၂၄။ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီတို့သည် သက်ဆိုင်ရာ မြို့အတန်းအစားအလိုက် အောက်ပါ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲပြုစု၍ ဒေသဆိုင်ရာ ကော်မတီသို့ ဆန်းစစ်နိုင်ရန် တင်ပြနိုင်သည် -

(က) "ဃ" သို့မဟုတ် "င" အတန်းအစား မြို့များ၏ ပင်မမြို့ပြ စီမံကိန်းများ၊

(ခ) "က"၊ "ခ"၊ "ဂ"၊ "ဃ" သို့မဟုတ် "င" အတန်းအစား မြို့များ၏ အသေးစိတ်မြို့ပြ စီမံကိန်းများ၊

(ဂ) "က"၊ "ခ"၊ "ဂ"၊ "ဃ" သို့မဟုတ် "င" အတန်းအစား မြို့များ၏ နည်းပညာပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ စီမံကိန်းများ။

၂၅။ ရင်းနှီးတည်ဆောက်သူသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ) ပါ စီမံကိန်းများကို ရေးဆွဲပြုစု၍ ဒေသဆိုင်ရာ ကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆန်းစစ်နိုင်ရန် တင်ပြရမည်။

၂၆။ ဗဟိုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာကော်မတီသည် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆန်းစစ်ရာတွင် အောက်ပါအကြောင်းအရာများကို အခြေခံရမည် -

(က) အဆိုပြု မြို့ပြစီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လိုက်နာရမည့်အချက်များ၊ အခြေခံမူဘောင်အဖြစ် အတည် ပြုထားသည့် မြို့ပြစီမံကိန်းအမျိုးအစား၏ ဆိုလိုချက်များနှင့် ကိုက်ညီခြင်း၊

(ခ) ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ ပြဋ္ဌာန်းချက်ပါ ဖွံ့ဖြိုးရေး စီမံကိန်း အချက်အလက်များ။

၂၇။ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များ၊ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြို့တော် စည်ပင်သာယာရေးကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၂၈။ ပုဒ်မ ၂၂ ပါ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ပါက နည်းပညာ ဆိုင်ရာ ကျွမ်းကျင်မှုကို ပြည်တွင်း ပြည်ပ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများထံမှ ရယူနိုင်သည်။

၂၉။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ ပါ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုကို ဝန်ကြီးဌာနထံမှဖြစ်စေ၊ ပြည်တွင်း ပြည်ပ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများထံမှဖြစ်စေ ရယူနိုင်သည်။

၃၀။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ရင်းနှီးတည်ဆောက်သူများသည် ဖွံ့ဖြိုးရေး စီမံကိန်း ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင် အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုတို့ထံမှ သဘောထားကို ရယူပြီးလိုအပ်သလို ထည့်သွင်းစဉ်းစားရမည်။

၃၁။ ဗဟိုကော်မတီသည် ပုဒ်မ ၂၆ အရ ဆန်းစစ်ပြီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြ၍ စီမံကိန်းအတည်ပြုချက် ရယူရမည်။

၃၂။ ဒေသဆိုင်ရာကော်မတီသည် ပုဒ်မ ၂၆ အရ ဆန်းစစ်ပြီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ စီမံကိန်းအတည်ပြုချက် ရယူရမည်။

## **အခန်း (၉)**
## **ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း**

၃၃။ ဗဟိုကော်မတီသည် သက်ဆိုင်ရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိစေသည့် အချက်အလက်များကို အခြေခံပြီး ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများအား အနည်းဆုံး ၅ နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန် ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာကော်မတီသို့ ညွှန်ကြားနိုင်သည်။

၃၄။ ဒေသဆိုင်ရာကော်မတီသည် သက်ဆိုင်ရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိစေသည့် အချက်အလက်များအပေါ် အခြေခံပြီး ပုဒ်မ ၂၄ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများအား အနည်းဆုံး ၅ နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရေးဆွဲခြင်း ပြုလုပ်ရမည်။

၃၅။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင် သာယာရေးကော်မတီတစ်ရပ်ရပ် သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ အရ စီမံကိန်းများကို ပြန်လည်ပြင်ဆင်ရန် ညွှန်ကြားချက်ရရှိပါက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဖွံ့ဖြိုးရေး စီမံကိန်းများကို ပြန်လည်ရေးဆွဲခြင်း ပြုလုပ်ရမည်။

၃၆။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင် သာယာရေးကော်မတီတစ်ရပ်ရပ် သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းများအား ပြင်ဆင်ပြီးပါက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဒေသဆိုင်ရာကော်မတီမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ စီမံကိန်း အတည်ပြုချက် ပြန်လည် ရယူရမည်။

## အခန်း (၁၀)
## ဇုန်သတ်မှတ်ခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း

၃၇။ သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် မြို့နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းများပါ မြေအသုံးချမှုအလိုက် ဇုန်အမျိုးမျိုးကို သတ်မှတ်ဖော်ပြနိုင်သည်။

၃၈။ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကို မြို့နယ်နိမိတ်၏ ပြင်ပတွင် ဆောင်ရွက်ရန်လိုအပ်ပါက ရင်းနှီးတည်ဆောက်သူသည် မြေအသုံးချမှု ပြောင်းလဲနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရအဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၃၉။ ရင်းနှီးတည်ဆောက်သူသည် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကိုအသုံးပြုမည်ဆိုပါက မြေအသုံးချမှု ပြောင်းလဲနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရအဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

## အခန်း (၁၁)
## ဘဏ္ဍာငွေ အရင်းအမြစ်များ

၄၀။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များသည် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပါက အောက်ပါ ဘဏ္ဍာငွေ အရင်းအမြစ်များ ရယူနိုင်သည် -

(က) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ၊

(ခ) ပြည်တွင်း၊ ပြည်ပချေးငွေများ၊

(ဂ) ပြည်ပမှ ထောက်ပံ့ငွေ၊

(ဃ) အာမခံစာချုပ် ရောင်းချခြင်းမှ ရငွေများ၊

(င) အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ။

၄၁။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အများပြည်သူအကျိုးငှာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပုဒ်မ ၄၀ ပါ ဘဏ္ဍာငွေများကို အသုံးပြု၍ မြို့ပြဖွံ့ဖြိုးရေးအရန်မြေအဖြစ် ရယူထိန်းသိမ်းခြင်းကို သတ်မှတ်ချက် များနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

## အခန်း (၁၂)
## ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၄၂။ ရင်းနှီးတည်ဆောက်သူသည် ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ စိစစ်ရမည် -

(က) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုသည့် တည်နေရာနှင့်စပ်လျဉ်း၍ ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ စံချိန်စံညွှန်းများ၊

(ခ) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုသည့် တည်နေရာနှင့်သက်ဆိုင်သော သီးခြားစည်းမျဉ်း စည်းကမ်း၊ သတ်မှတ်ချက်များ၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုမိန့်လျှောက်ထားမှုအပေါ် ကန့်ကွက်မှုရှိလျှင် ကန့်ကွက်သူများ၏တင်ပြချက်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်။

၄၄။ သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၄၃ အရ လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီး သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၅။ ရင်းနှီးတည်ဆောက်သူသည် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၄၆။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးတည်ဆောက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကို ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) မှားယွင်းချက်များကို ပြင်ဆင်ဆောင်ရွက်စေခြင်း၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊

(ဃ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(င) ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း။

## အခန်း (၁၄)
## အယူခံခြင်း

၄၇။ (က) သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီက ပုဒ်မ ၄၄ အရ ချမှတ်သော ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုမိန့်နှင့် စပ်လျဉ်းသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ (က) ဒေသဆိုင်ရာကော်မတီမှ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် ဒေသဆိုင်ရာကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၉။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၅)
## တားမြစ်ချက်များ

၅၀။ မည်သူမျှ စီမံကိန်းအတည်ပြုချက် ရယူထားခြင်းမရှိသော မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းကိုမျှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုရ။

၅၁။ မည်သူမျှ အတည်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခွင့်ပြုသည့် နေရာမှအပ အခြားမည်သည့်နေရာတွင်မျှ တိုးချဲ့ဆောင်ရွက်ခြင်း မပြုရ။

၅၂။ မည်သူမျှ အတည်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်းပါ အကြောင်းအရာ၊ အချက်အလက်များကို ပြောင်းလဲဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၆)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၃။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၅၆။ မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်း၊ ပင်မမြို့ပြစီမံကိန်း သို့မဟုတ် အသေးစိတ်မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးအကျိုး သက်ရောက်မှု ဆန်းစစ်ခြင်းနှင့် အမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တို့ကို အစိတ်အပိုင်း တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ရမည်။

၅၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်၊ ဒေသဆိုင်ရာ ကော်မတီဝင်တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် ဗဟိုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာကော်မတီ သို့မဟုတ် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီများသည် လုံခြုံရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၅၉။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စကားရပ် တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပေးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့်လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(င) သက်ဆိုင်ရာ စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၁။ ဤဥပဒေမတိုင်မီ ထုတ်ပြန်ခဲ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)**
**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉) (မူကြမ်း)
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၉၉ ခေါင်းစဉ်ပါ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဟု အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၅/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **အလုပ်သမား**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းခွင်တစ်ခုခုတွင် ကာယအား၊ ဉာဏအားကို အသုံးပြုပြီး လုပ်ကိုင်သူကို ဆိုသည်။

(ဂ) **အလုပ်ရှင်**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် ခွင့်ပြုထားသော ခံစားခွင့်နှင့် အလုပ်ရှင်အတွက် သတ်မှတ်ထားသော တာဝန်များကို ဆောင်ရွက်ပေးရန်တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းတည်ထောင်သူ၊ ပင်မကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်တာ၊ ကိုယ်တိုင်လုပ်ကိုင်သူ၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်၏ အမွေဆက်ခံသူ၊ အစုရှယ်ယာ တရားဝင်လက်ခံရရှိသူ၊ ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ ဖက်စပ်လုပ်ငန်းတစ်ခုခုဖြစ်ပါက ဤဥပဒေပါ အလုပ်ရှင်တာဝန်များကို ဆောင်ရွက်ပေးရန် မှတ်ပုံတင်အမည်စာရင်းတင်သွင်းသူတို့လည်း ပါဝင်သည်။

(ဃ) **လုပ်ငန်းခွင်**ဆိုသည်မှာ အခန်း (၃) ပါ လုပ်ငန်းတစ်ခုခု၏ မည်သည့်လုပ်ငန်းစဉ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်သည့် နေရာကို ဆိုသည်။

(င) **လုပ်ငန်းခွင်ထိခိုက်မှု**ဆိုသည်မှာ လုပ်ငန်းကြောင့်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်နေစဉ်ဖြစ်စေ ပေါ်ပေါက်သည့် ထိခိုက်ဒဏ်ရာရရှိစေမှု သို့မဟုတ် သေဆုံးမှုကို ဆိုသည်။

(စ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကောင်စီကို ဆိုသည်။

(ဆ) **လုပ်ငန်းခွင်ဆိုင်ရာရောဂါ**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ရှိသည့် အခြေအနေများနှင့်ထိတွေ့ခြင်း (exposure) ကြောင့် စွဲကပ်သည့် ရောဂါအဖြစ် ကောင်စီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

(ဇ) **လုပ်ငန်းခွင်အဆိပ်သင့်မှု**ဆိုသည်မှာ လုပ်ငန်းခွင်အတွင်းရှိနေစဉ် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ရှိသည့် အခြေအနေများနှင့် ထိတွေ့ခြင်းကြောင့် ဖြစ်ပွားသည့် အဆိပ်သင့်မှုအဖြစ် ကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အဆိပ်သင့်မှု တစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **ဘေးအန္တရာယ်ရှိသောဖြစ်ရပ်**ဆိုသည်မှာ လုပ်ငန်းခွင်အတွင်း ရှိနေသူများကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ထိခိုက်ဒဏ်ရာရရှိစေခြင်းသော်လည်းကောင်း၊ ရောဂါရရှိစေခြင်းသော်လည်းကောင်း ဖြစ်တန်ရာရှိသည်ဟု ကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ဖြစ်ရပ်တစ်မျိုးမျိုးကို ဆိုသည်။

(ည) **ဘေးအန္တရာယ်ရှိသောပစ္စည်း**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသောပစ္စည်းအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဋ) **ဘေးအန္တရာယ်ရှိသောစက်ကိရိယာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသောစက်ကိရိယာအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် စက်ကိရိယာတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဘေးအန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ဘေးအန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်အဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အလုပ်နှင့် လုပ်ငန်းခွင်တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှု**ဆိုသည်မှာ လုပ်ငန်းစဉ်ကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်ရှိသောပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်းရှိနေသူများ၊ လုပ်ငန်းခွင်ပြင်ပရှိနေသူများနှင့် ပတ်ဝန်းကျင်တို့ကို ချက်ချင်း သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲမှု၊ လွင့်စဉ်မှု၊ ယိုစိမ့်မှု၊ မီးလောင်မှု၊ ပြိုကျမှု စသည့်ဖြစ်ရပ်တစ်ခုခုကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(တ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ထ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဒ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ဦးစီးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ဓ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံ**ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မန်နေဂျာ သို့မဟုတ် အရာရှိ သို့မဟုတ် ကြီးကြပ်ရေးမှူး သို့မဟုတ် ညှိနှိုင်းရေးမှူးတစ်ဦးဦးကို ဆိုသည်။

(န) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ**ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီကို ဆိုသည်။

(ပ) **မှတ်ပုံတင်ဆရာဝန်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီ သို့မဟုတ် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိထားသူတစ်ဦးဦးကို ဆိုသည်။

(ဖ) **အသိအမှတ်ပြုဆရာဝန်**ဆိုသည်မှာ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ လက်မှတ်ရရှိပြီး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးကို ဆိုသည်။

(ဗ) **စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ**ဆိုသည်မှာ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးရန် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသူကို ဆိုသည်။

(ဘ) **သင်တန်းပေးသူ**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချရန် ညွှန်ကြားရေးမှူးချုပ်က စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသူကို ဆိုသည်။

(မ) **သင်တန်းကျောင်းတည်ထောင်သူ**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားရန် ငွေကြေး၊ မြေနေရာ၊ အဆောက်အအုံ၊ ပစ္စည်း၊ ပရိဘောဂ စသည့်အရင်းအနှီးစိုက်ထုတ်ထားသောသူကို ဆိုသည်။

(ယ) **သင်တန်းကျောင်း**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားရန် ညွှန်ကြားရေးမှူးချုပ်က သင်တန်းကျောင်းအဖြစ် မှတ်ပုံတင် လက်မှတ် ထုတ်ပေးထားသည့်ကျောင်းကို ဆိုသည်။

(ရ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် သင်တန်းကျောင်းကို ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(လ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ ဤဥပဒေပါ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူနှင့် သင်တန်းပေးသူ အဖြစ်ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဝ) **ထုတ်လုပ်သူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကို ဖြစ်စေ ထုတ်လုပ်သူကို ဆိုသည်။

(သ) **တင်သွင်းရောင်းချသူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင် တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာကိုဖြစ်စေ ပြည်ပမှတိုက်ရိုက်တင်သွင်းခြင်း သို့မဟုတ် ရောင်းချခြင်းပြုသူကို ဆိုသည်။

(ဟ) **တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခု၌ အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာတစ်မျိုးမျိုးကို တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်သိမ်းခြင်းပြုသူကို ဆိုသည်။

(ဠ) **တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုခုရှိ အလုပ်ရုံအဆောက်အဦတစ်ခုခုကို တည်ဆောက်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း ပြုသူကို ဆိုသည်။

(အ) **လုပ်ငန်းစဉ်**ဆိုသည်မှာ ဤဥပဒေနှင့်အကျုံးဝင်သော လုပ်ငန်းခွင်တစ်ခုခု၌ လုပ်ကိုင်သည့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်းပပျောက်စေရန် အလုပ်ရှင်နှင့် အလုပ်သမားအပါအဝင် ဤဥပဒေပါ သက်ဆိုင်သူများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများအပေါ် အလုပ်ရှင်၊ အလုပ်သမားများနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီးကာကွယ်မှုပြုနိုင်ရန်၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ လုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော စံချိန်စံညွှန်း သတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင် ဖန်တီးပေးရန်၊

(စ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများကို ထောက်ပံ့ကူညီပေးရန်။

## အခန်း (၃)
## အကျုံးဝင်သက်ဆိုင်သည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့်ပယ်ဖျက်ခြင်း

၄။ ဤဥပဒေသည် အောက်ဖော်ပြပါ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ် လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြားသားပိုင်ဆိုင်သည့် လုပ်ငန်းများနှင့် သက်ဆိုင်စေရမည် -

(က) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများ၊

(ခ) ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့်အကျုံးဝင်သက်ဆိုင်သည့် လုပ်ငန်းများ၊

(ဂ) ကုန်ထုတ်လုပ်ငန်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်း၊

(င) ဆောက်လုပ်ရေးလုပ်ငန်း၊

(စ) အင်ဂျင်နီယာလုပ်ငန်းများ၊

(ဆ) သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ရေးနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်းများ၊

(ဇ) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊

(ဈ) ဆိပ်ကမ်းလုပ်ငန်း၊

(ည) စိုက်ပျိုးရေးလုပ်ငန်း၊

(ဋ) မွေးမြူရေးလုပ်ငန်း၊

(ဌ) ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊

(ဍ) ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

(ဏ) ဆက်သွယ်ရေးလုပ်ငန်း၊

(တ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

(ထ) ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊

(ဒ) ဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊ အဖွဲ့တို့နှင့်ညှိနှိုင်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းများအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်လုပ်ငန်းများ။

၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၄ ပါ အကျုံးဝင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ကော်မတီ၊ အဖွဲ့တို့နှင့်ညှိနှိုင်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) စစ်ဆေးကြီးကြပ်ရမည့် နယ်မြေဒေသ၊ လုပ်ငန်းအမျိုးအစားနှင့် အရွယ်အစားတို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

(ခ) ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၄)
## ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည် -

(က) ကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့၊ ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (၁၅) | အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (၁၆) | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကျွမ်းကျင်သူသုံးဦး | အဖွဲ့ဝင် |
| (၁၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ လုပ်ငန်းခွင်အဆိပ်သင့်မှု၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ဘေးအန္တရာယ်ရှိသောပစ္စည်း၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာ၊ ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်ဆိုင်ရာ စာရင်းနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများ၏ အန္တရာယ်ရှိမှုအဆင့်သတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါဖြစ်ပွားမှု၊ လုပ်ငန်းခွင်အဆိပ်သင့်မှု၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်များနှင့်စပ်လျဉ်းသည့် စာရင်းဇယားနှင့် သတင်းအချက်အလက်များစုစည်းခြင်း၊ မဖြစ်ပွားစေရေး ကာကွယ်ဆောင်ရွက်ထားမှုများကို ထုတ်ပြန်ခြင်း၊

(င) ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးကဏ္ဍအသီးသီးတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဘာသာရပ်များ ထည့်သွင်းပို့ချရန် လမ်းညွှန်ခြင်း၊

(စ) ပုဒ်မ ၄၄ နှင့် ၄၅ တို့အရ တင်သွင်းသည့် အယူခံမှုများအား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် ကောင်စီအဖွဲ့ဝင်များဖြင့် အယူခံကော်မတီနှင့် လိုအပ်သည့်လုပ်ငန်း ကော်မတီများအား ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊

(ဆ) မိမိ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ တင်ပြခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူတို့သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအား စာရင်းပြုစုထားရှိရမည်။

၉။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလို့ငှာ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ အကြောင်းကြားရမည် -

(က) အလုပ်ရုံ သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊

(ခ) လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်း။

၁၀။ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပြီး လုပ်ကိုင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲလုပ်ကိုင်ခြင်း သို့မဟုတ် အလုပ်ရှင်ပြောင်းလဲခြင်းရှိပါက ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၁။ ဦးစီးဌာနသည် လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်သည့် လုပ်ငန်းများကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲလုပ်ကိုင်ခြင်း၊ အလုပ်ရှင်ပြောင်းလဲခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်စာရင်းသွင်းခြင်းပြုရမည်။

## အခန်း (၆)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံများ ခန့်အပ်တာဝန်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း

၁၂။ အလုပ်ရှင်သည် -

(က) ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံကို ခန့်ထားရမည်။

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေအောက်မနည်းသောလုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက်တူညီသော အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီအသီးသီးကို ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းခွင်သဘောသဘာဝအရ အမျိုးသမီးများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအပေါ် ထည့်သွင်းစဉ်းစား၍ ဖွဲ့စည်းရမည်။

၁၃။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးထိခိုက်စေနိုင်မည့် အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြန်လည်သုံးသပ်ချက်များကို သက်ဆိုင်ရာ ကော်မတီအစည်းအဝေး၌ တင်ပြခြင်း၊

(ခ) လုပ်ငန်းခွင်ထိခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် အသိပညာပေးမှု အစီအမံများ ချမှတ်ဆောင်ရွက်ရန် အလုပ်ရှင်အား အကြံပြုခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်စေရန် သင်တန်းပို့ချရေးနှင့် အထောက်အပံ့ပစ္စည်းများရရှိစေရေး အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ် အကဲဖြတ်ဆန်းစစ်မှုအား စိစစ်ကြီးကြပ်ခြင်း၊

(င) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က သတ်မှတ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၁၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများသည် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၇)

## စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေး အရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိများသည် ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းခွင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ဝင်ရောက်စစ်ဆေးပြီး သက်ဆိုင်ရာ အလုပ်ရှင်အား လိုက်နာဆောင်ရွက် ရမည့် အချက်များကို ညွှန်ကြားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

၁၇။ စစ်ဆေးရေးအရာရှိများသည် ကျင့်ဝတ်နှင့်အညီ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတို့အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံ ကတ်ပြားကိုပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့် စုံစမ်းမေးမြန်းခွင့်၊

(ခ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာမှတ်တမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများကို ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင် အခြေအနေများ၊ လုပ်ငန်းစဉ်များကို ဓာတ်ပုံနှင့် ရုပ်သံမှတ်တမ်းရယူခွင့်၊

(ဃ) ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့များနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကြောင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်အား ထိခိုက်နိုင်မှုပမာဏနှင့်အချိန်အား လိုအပ်ပါက သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူ၏ အကူအညီဖြင့် အကဲဖြတ်တိုင်းတာခွင့်၊ မှတ်တမ်းများရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှု သို့မဟုတ် ရရှိနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အသိအမှတ်ပြုဆရာဝန်၏ အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူကိုမဆို အလုပ်ချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(စ) လုပ်ငန်းခွင်ထိခိုက်မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှု ခံယူနေသော အလုပ်သမားနှင့်ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာမှ ဦးစီးဌာန၏ သတ်မှတ်ပုံစံဖြင့် တောင်းခံသည့်အချက်အလက်များကို သတ်မှတ်လုံခြုံမှု အဆင့်အတန်းဖြင့် ပေးပို့ရန် ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိသူထံမှ တောင်းဆိုခွင့်။

၁၈။ စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုများ ဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားနိုင်မည်ဟု ယုံကြည်ပါက လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားစေရန် အမိန့်ကို စစ်ဆေးရေးအရာရှိချုပ်၏ အတည်ပြုချက်ဖြင့် အလုပ်ရှင်အား ထုတ်ဆင့်ရမည် ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနများသို့ အကြောင်းကြားရမည် -

(က) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင်အခြေအနေကြောင့်ဖြစ်စေ၊ အလုပ်သမားများ ဘေးအန္တရာယ်မကင်းစွာ လုပ်ကိုင်နေမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ရှိသော ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများရှိနေခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကိရိယာနေရာချထားပုံနှင့် အလုပ်လုပ်ဆောင်ပုံကြောင့်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲအခြေအနေကြောင့် အလုပ်သမားများအား ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန် လိုအပ်ခြင်း။

၁၉။ စစ်ဆေးရေးအရာရှိများသည် -

(က) ပုဒ်မ ၁၈ အရ ထုတ်ဆင့်ထားသော ယာယီရပ်နားအမိန့်ကို အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးမှုတင်ပြချက်အပေါ် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြန်လည်ဆောင်ရွက်ခွင့်ပြုကြောင်းကို သက်ဆိုင်ရာဦးစီးဌာနများနှင့် အလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၀။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ပုဒ်မ ၁၈ အရ ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်သူအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ထိုသို့အရေးယူဆောင်ရွက်စေရန် သင့်လျော်သည့် စစ်ဆေးရေးအရာရှိကို လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၈ အရ ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသည့်အမိန့်နှင့်စပ်လျဉ်း၍ ပြောင်းလဲလာသည့် အခြေအနေအရ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့်လုပ်ငန်းများကို လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၂၁။ စစ်ဆေးရေးအရာရှိများသည် -

(က) အလုပ်သမားအား ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကျန်းမာရေးအန္တရာယ်ရှိခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးခြင်းကို ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် သတ်မှတ်သည့်အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့် ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်များကို သတ်မှတ်ကာလအတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထားပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်နိုင်သည်။

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် စစ်ဆေးရေးအရာရှိများအား ဘေးအန္တရာယ်ရှိသော ပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များ၏ စာရင်းဇယားသီးခြားပြုစုရန် လိုအပ်ပါက အထူးစစ်ဆေးမှုများ ဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်ကန့်သတ်ရန် သီးခြားတာဝန်ပေးအပ်ရမည်။

၂၃။ စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၂၂ ပါ သီးခြားစာရင်းပြုစုထားသည့် လုပ်ငန်းခွင်များ၌ အန္တရာယ်ကျရောက်နိုင်မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ အန္တရာယ်ကျရောက်လာပါက ဆောင်ရွက်မည့် အစီအမံနှင့်နည်းလမ်းများ၊ မီးငြိမ်းသတ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်းများနှင့်စပ်လျဉ်း၍ အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် အလုပ်ရှင်ကို ညွှန်ကြားရမည်။

၂၄။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၂၅။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာန တစ်ခုခုတွင်ဖြစ်စေ၊ ၎င်းနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၈)

## အလုပ်ရှင်နှင့် အလုပ်သမားတို့၏ တာဝန်များ

၂၆။ အလုပ်ရှင်သည် -

(က) လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့် ၎င်းတို့၌ အသုံးပြုသည့်ပစ္စည်းများနှင့် စက်ကိရိယာများ၏ အန္တရာယ်ရှိမှု အတိုင်းအဆအား အကဲဖြတ်ဆန်းစစ်ခြင်းကို လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းခွင်ပတ်ဝန်းကျင် အန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို တိုင်းတာအကဲဖြတ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာရောဂါခံစားရမှု ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုဆရာဝန်ဖြင့် ဆေးစစ်ပေးရန် စီမံပေးရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တွေ့ရှိချက်များအပေါ် အခြေခံ၍ လုပ်ငန်းခွင်ကို ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်အခြေအနေအထိ ရောက်ရှိစေရန် စီမံဆောင်ရွက်ရမည်။

(င) အလုပ်သမားများအား ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် သင့်တော်သောတစ်ကိုယ်ရေသုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အခမဲ့ လုံလောက်စွာ ထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရမည်။

(စ) ကြိုတင်တားဆီးကာကွယ်မှုအစီအမံနှင့် အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများထားရှိရမည်။

(ဆ) ဝန်ကြီးဌာနကသတ်မှတ်သော အလုပ်သမားဦးရေအောက်မနည်းသော လုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ မှတ်ပုံတင်ဆရာဝန်နှင့် သူနာပြုများ ခန့်ထားခြင်း၊ လိုအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(ဇ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများတက်ရောက်စေရမည်။

(ဈ) အလုပ်သမားတစ်ဦးဦးက လုပ်ငန်းခွင်ထိခိုက်မှု သို့မဟုတ် အသက်အန္တရာယ်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသည့် အခြေအနေများကြုံတွေ့ရလျှင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးဦးထံ ချက်ချင်းသတင်းပေးပို့နိုင်ရေး လိုအပ်သလို စီစဉ်ထားရှိရမည်။

(ည) လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်တွင်အသုံးပြုသော ပစ္စည်း၊ စက်ကိရိယာ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကြောင့် လုပ်ငန်းခွင်အတွင်းရှိနေသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်။

(ဋ) လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် အသက်ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက အလုပ်သမားများအား အခြားသင့်တော်မည့် ဘေးအန္တရာယ်ကင်းရှင်းသည့်လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဌ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ၊ ဘေးအန္တရာယ်သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဍ) ဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင်နေရာများသို့ ဝင်ထွက်သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စီမံဆောင်ရွက်ရမည်။

(ဎ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့်ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေခြင်း သို့မဟုတ် သိရှိနားလည်အောင်ဆောင်ရွက်ခြင်း စီမံဆောင်ရွက်ပေးရမည်။

(ဏ) မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ပစ္စည်းကိရိယာများအား စနစ်တကျအသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(တ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်းများ၊ အထောက်အထားများ တောင်းခံခြင်း သို့မဟုတ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(ထ) ဘေးအန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များတွင် စေခိုင်းပါက သတ်မှတ်ထားသော အလုပ်ချိန်နာရီအတွင်း၌သာ လုပ်ကိုင်စေရမည်။

(ဒ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရမည်။

၂၇။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမားတစ်ဦးဦးကို အလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း မပြုရ -

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းအတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေ မရရှိမီကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှုအန္တရာယ်ရှိသောကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားမည့်ဆဲဆဲအခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါ ရရှိနိုင်မည့် အခြေအနေများတွင် အလုပ်ဆက်လက် မလုပ်ကိုင်ခြင်း။

၂၈။ လုပ်ငန်းခွင်ထိခိုက်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိသည့် အလုပ်သမားသည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိလျှင် ယင်းအလုပ်သမား၏ အလုပ်လုပ်နိုင်မှုစွမ်းရည် လျော့ကျမှုအတိုင်းအတာနှင့် မသန်စွမ်းဖြစ်မှု အတန်းအစားကိုသိရှိနိုင်ရန် အလုပ်ရှင်က ကုန်ကျစရိတ်ကို တာဝန်ယူကျခံ၍ ဆေးစစ်ပေးရမည်။

၂၉။ အလုပ်ရှင်သည် -

(က) မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်အရ လုပ်ငန်းသဘာဝ လိုအပ်ချက်အပေါ် မူတည်၍ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်သတ်တားမြစ်ခြင်းခံရသောအလုပ်သမားသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း အထောက်အထားဖြင့်တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

(ဂ) လုပ်ငန်းခွင်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ကျန်းမာရေးမထိခိုက်စေရန် စီမံဆောင်ရွက်ပေးရမည်။

၃၀။ အလုပ်သမားသည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးထားသော တစ်ကိုယ်ရေသုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများဝတ်ဆင်ခြင်းနှင့် ကိရိယာတန်ဆာပလာများအား စနစ်တကျ မှန်ကန်စွာ အသုံးပြုရမည်။

(ခ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်ကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံကဖြစ်စေ ညွှန်ကြားသည့် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ၊ သင်္ကေတအမှတ်အသားများ၊ နံရံကပ်ပိုစတာများ၊ နို့တစ်စာများနှင့် သတိပေးတားမြစ်ချက်များကို လိုက်နာရမည်။

(ဃ) လုပ်ငန်းခွင်တွင်အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာအစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့် အခြားပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရမည်။

(င) လုပ်ငန်းခွင်တွင် ယင်း၏လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက်မှုကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထားဆောင်ရွက်ရမည်။

(စ) အလုပ်ရှင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံတို့က ဤဥပဒေအရ ယင်းတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား ထိခိုက်စေနိုင်မည့်အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကိုတွေ့ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ အနီးကပ်လုပ်ငန်းကြီးကြပ်သူမှတစ်ဆင့်ဖြစ်စေ အလုပ်ရှင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးဦးထံ ချက်ချင်းတင်ပြရမည်။

(ဇ) ဘေးအန္တရာယ်ကျရောက်မည့်ဆဲဆဲအခြေအနေတွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ငြင်းပယ်နိုင်သော်လည်း အလုပ်ရှင်က စီစဉ်ပေးသည့် ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်သို့ ပြောင်းလဲလုပ်ကိုင်စေမှုအား ငြင်းပယ်ခြင်းမပြုရ။

(ဈ) လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားအချင်းချင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများနှင့် အချိန်မီ ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်သည်။

## အခန်း (၉)

## ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူနှင့် တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူတို့၏ တာဝန်များ

၃၁။ လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့် ၎င်းတို့၌အသုံးပြုမည့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် တင်သွင်းရောင်းချခြင်းကိုဖြစ်စေ၊ ဘေးအန္တရာယ်ရှိသော စက်ကိရိယာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းရောင်းချခြင်း၊ တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်သိမ်းခြင်းကိုဖြစ်စေ ဆောင်ရွက်သူသည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက် ရယူရမည်။

၃၂။ ဘေးအန္တရာယ်ရှိသောပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းရောင်းချသူသည် အောက်ပါကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရမည် -

(က) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ အသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊

(ခ) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရန် စမ်းသပ်စစ်ဆေးမှုပြုလုပ်ပေးခြင်းနှင့် စမ်းသပ်စစ်ဆေးမှုရလဒ်များအား အသုံးပြုသူထံ ဖြန့်ဝေခြင်း။

၃၃။ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ၊ တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူသည် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

၃၄။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင်ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားပါက ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊

(ခ) အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာရောဂါတစ်မျိုးမျိုးစွဲကပ်လျှင် ဖြစ်စေ၊ သုံးစွဲသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်လျှင်ဖြစ်စေ သို့မဟုတ် အဆိပ်သင့်နိုင်လျှင်ဖြစ်စေ အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းနှင့်အတူ အစီရင်ခံစာကို ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်း။

၃၅။ မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူအား ဆေးကုသလျှင် သတ်မှတ်ထားသည့် အချက်အလက်များပါဝင်သော အစီရင်ခံစာကို သက်ဆိုင်ရာအလုပ်ရှင်နှင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည့်အပြင် အစီရင်ခံစာမိတ္တူကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့လည်း ပေးပို့ရမည်။

၃၆။ (က) စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများနှင့်သက်ဆိုင်သည့်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများ၊ နေရာအခင်းအကျင်းများ၊ စာတမ်းအမှတ်အသားများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် လိုအပ်သော လုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ (ခ) အရ တားမြစ်မှုသည် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားနိုင်ပါက စစ်ဆေးရေး အရာရှိချုပ်သည် ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများနှင့် နေရာ အခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

၃၇။ ကောင်စီသည် ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားခြင်း နှင့် ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေး ကော်မတီကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည်။

၃၈။ ပုဒ်မ ၃၇ အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၃၇ ပါကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သောနေရာသို့ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်း မေးမြန်းခြင်းနှင့် စစ်ဆေးချက်များ ရယူခြင်းပြုနိုင်သည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်အထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို သတ်မှတ်ရက် အတွင်း ကောင်စီသို့ တင်ပြရမည်။

## အခန်း (၁၁)

## စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအဖြစ်ဆောင်ရွက်ခြင်းနှင့် သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း

၃၉။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း၊ သင်တန်း ကျောင်းတည်ထောင်သူအဖြစ် လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၀။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်း စေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်တို့၏ သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအား အသိအမှတ်ပြု လက်မှတ်ကိုလည်းကောင်း၊ သင်တန်းကျောင်းတည်ထောင်သူအား မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း အသီးသီးထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော သင်တန်းကျောင်းများကို မှတ်ပုံတင် ထားရမည်။

၄၁။ (က) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၂။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း တွေ့ရှိပါက ဘေးအန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူက အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာ ပေးပို့ရမည် -

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူက သင်တန်းကျောင်းတည်ထောင် ဖွင့်လှစ်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန်တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆက်လက်လုပ်ကိုင်ရန် သို့မဟုတ် သင်တန်းကျောင်းအဖြစ် ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ရန် သင့်လျော်မှုမရှိဟု စိစစ်တွေ့ရှိခြင်း၊

(၃) ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူအား အကြောင်းကြားစာ လက်ခံရရှိပြီး သတ်မှတ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူ၏ ပုဒ်မခွဲ (ခ) ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသောအကြောင်းပြချက်မရှိကြောင်းတွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

## အခန်း (၁၃)
## အယူခံခြင်း

၄၄။ (က) စစ်ဆေးရေးအရာရှိများက ပုဒ်မ ၁၈ အရ ထုတ်ဆင့်သည့်အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၅။ (က) ပုဒ်မ ၄၃ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၆။ အယူခံမှုများနှင့်စပ်လျဉ်း၍ အယူခံကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၇။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူသည် ပုဒ်မ ၄၃ အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းသည့် သို့မဟုတ် ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကို အယူမခံလျှင် ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၁၄)
## တားမြစ်ချက်များ

၄၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူ မည်သူမျှ ဦးစီးဌာနသို့ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) မည်သူမျှ ဤဥပဒေနှင့်သက်ဆိုင်သည့်လုပ်ငန်းများရှိ အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်းများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့် အညီ အကြောင်းကြားရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) မည်သူမျှ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ်လည်းကောင်း၊ မှတ်ပုံတင် လက်မှတ်မရှိဘဲ သင်တန်းကျောင်းတည်ထောင်သူအဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းမပြုရ။

၄၉။ မည်သည့်အလုပ်ရှင်မျှ -

(က) ပုဒ်မ ၁၈ အရ ယာယီရပ်နားရန် ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းမပြုရ၊

(ဂ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ဃ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ထ) အရ သတ်မှတ်သည့် အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်းမပြုရ၊

(င) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဒ) အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်းမပြုရ။

၅၀။ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၁။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ သိရှိလာသည့် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုခုနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှ အနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

## အခန်း (၁၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၁၂၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) မှ (တ) အထိ၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ အလုပ်သမား မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၅။ အလုပ်သမား မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (င) နှင့် (ဆ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ၊ တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ အလုပ်ရှင် မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းနှစ်ဆယ်အောက် မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မှတ်ပုံတင်ဆရာဝန် မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၉။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) သင်တန်းပေးသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) သင်တန်းကျောင်းတည်ထောင်သူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို -

(က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ အလုပ်ရှင်မည်သူမဆို -

(က) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက် အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

၆၂။ အလုပ်ရှင် မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့်ပုဂ္ဂိုလ်မည်သူမဆို ပုဒ်မ ၂၅ နှင့် ၅၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း

၆၆။ ကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ။

## အခန်း (၁၇)

## အထွေထွေ

၆၇။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်နေလျှင် အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များ သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြား သတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၆၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေး ကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၆၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေး ကော်မတီအဖွဲ့ဝင်များနှင့် အယူခံကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က ခွင့်ပြုသော စရိတ်နှင့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၀။ ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၁။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၂။ ဝန်ကြီးဌာနသည် လိုအပ်ပါက စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ဒုတိယစစ်ဆေးရေးအရာရှိချုပ်တစ်ဦးကို ခန့်ထားနိုင်သည်။

၇၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသော (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ညွှန်ကြားရေးမှူးရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားသော ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ထားထား (တ/၂၂၄၆) အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူးအဆင့် ရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

### ကိုယ်ရေးအရာရှိများ ခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ် ၈/၂၀၁၉ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၈) ဦးအနက် အောက်ဖော်ပြပါ ကော်မရှင်အဖွဲ့ဝင် (၆) ဦးတို့၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နေရာများတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၆) ဦးတို့အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ကော်မရှင်အဖွဲ့ဝင်အမည် | ခန့်ထားမည့်အမည်စာရင်း | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (က) | ဦးညွှန့်စိန် | ဦးမိုးအောင် | ၁၂/မဂတ (နိုင်) ၀၈၄၁၁၁ |
| (ခ) | ဦးသက်ထွန်း | ဦးဌေးလွင်ထွန်း | ၉/မထလ (နိုင်) ၃၂၄၂၄၂ |
| (ဂ) | ဦးမြင့်အောင် | ဦးဇော်လင်းအောင် | ၁၂/သလန (နိုင်) ၀၀၈၁၀၈ |
| (ဃ) | ဦးစောဒယ်နီရယ်ကြည် | ဦးဖြိုးကျော် | ၉/မခန (နိုင်) ၂၅၉၉၉၀ |
| (င) | ဦးသန်းအောင် | ဦးဝဏ္ဏကျော် | ၉/မရတ (နိုင်) ၁၁၃၅၄၆ |
| (စ) | ဦးဆွေတင့်လွင် | ဦးဟိန်းဖြိုးဇော် | ၉/ပဘန (နိုင်) ၂၂၉၆၇၁ |

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၄/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်၊ မုဒုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဒေါ်စမ်းစမ်း | **အစား** | ဦးလှဝင်း |
| (၂) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးလှဝင်း | **အစား** | ဦးခင်စိုး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သုံးဦး နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၁) | နေရာတွင် | ဒေါ်မြင့်ရီ | **အစား** | ဦးသန်းထွန်း |
| (၂) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးတင်လှိုင် | **အစား** | ဦးမင်းလွင် |
| (၃) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးထွန်းကြည် | **အစား** | ဦးဆန်းထွန်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးသန်းဝင်းဦး **အစား** ဦးခင်မောင်ဝင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၇/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးဆန်းဝင်းနိုင် **အစား** ဦးသိန်းလွင် (ခ) ဦးသိန်းအောင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၈/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မိုင်းခတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးအောင်ဇော်မင်း **အစား** ဦးအောင်အောင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၉၂)၊ လယ်တောကုန်း၊ အကွက်အမှတ် (၆) ရှိ မြေနှင့် အဆောက်အအုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ သတ္တမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၉၂)၊ လယ်တောကုန်း၊ အကွက်အမှတ် (၆) ရှိ မြေနှင့် အဆောက်အအုံကို အမြင့်ဆုံး အဆိုပြုဈေးနှုန်း ကျပ် ၃၅. ၀၁ သန်းဖြင့် အဆိုပြုသူ ဒေါ်ထက်ထက်မျိုးဦး ကို ဝယ်ယူခွင့် ပြုခဲ့ပါသည်။

၂။ ဒေါ်ထက်ထက်မျိုးဦးသည် အဆိုပါ မြေနှင့် အဆောက်အအုံတန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ကျပ် ၃၅. ၀၁ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဒေါ်ထက်ထက်မျိုးဦးသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဒေါ်ထက်ထက်မျိုးဦးအနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၉၂)၊ လယ်တောကုန်း၊ အကွက်အမှတ် (၆) ရှိ မြေနှင့် အဆောက်အအုံကို ဝယ်ယူသူ ဒေါ်ထက်ထက်မျိုးဦး၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို မိုးကောင်းမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

မောင်မောင်ဝင်း၊
တွဲဖက်အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တိုးချဲ့စက်မှုဇုန် (၂)၊ ကွင်းအမှတ် (၄၀၄-A)၊ ဦးပိုင်အမှတ် (၁၇၄) ရှိ ဧရိယာ (၀. ၂၃၀) ဧက မြေကွက်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တိုးချဲ့စက်မှုဇုန် (၂)၊ ကွင်းအမှတ် (၄၀၄-A)၊ ဦးပိုင်အမှတ် (၁၇၄) ရှိ ဧရိယာ (၀. ၂၃၀) ဧက မြေကွက်ကို အမြင့်ဆုံး အဆိုပြုဈေးနှုန်း ကျပ် ၂၁. ၆ သန်းဖြင့် အဆိုပြုသူ ဦးတင်ရွှေကို ဝယ်ယူခွင့် ပြုခဲ့ပါသည်။

၂။ ဦးတင်ရွှေသည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၆. ၄၈ သန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၁၅. ၁၂ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးတင်ရွှေသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၃။ ဦးတင်ရွှေအနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တိုးချဲ့စက်မှုဇုန် (၂)၊ ကွင်းအမှတ် (၄၀၄-A)၊ ဦးပိုင်အမှတ် (၁၇၄) ရှိ ဧရိယာ (၀. ၂၃၀) ဧက မြေကွက်ကို ဝယ်ယူသူ ဦးတင်ရွှေ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ပြည်မြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

မောင်မောင်ဝင်း၊
တွဲဖက်အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

အမှတ် ၃၃ ။ ။ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MI ဌာနခွဲမှ ညွှန်ကြားရေးမှူး (MI)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးရဲထွန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် (ပ/၃၈၉၀) အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး

အဖြစ် နိုင်ငံတော်သမ္မတက စတင်ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ စ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေး အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာန၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းညွန့် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံဆောင်ရွက်သည့်နေ့ရက်မှ စ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းရွှေ အား ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ ၈၉ တို့အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် လုပ်သက်ခွင့် ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

## နိဒါန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၄၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း ကွန်ဗင်းရှင်း (ချီကာဂိုကွန်ဗင်းရှင်း) နှင့် ယင်း၏ နောက်ဆက်တွဲများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊

၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်း၊ လေယာဉ်၏ နိုင်ငံနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

### အမည်

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံလေယာဉ်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

### သက်ဆိုင်ခြင်း

၂။ ဤနည်းဥပဒေများသည် -

(က) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) ပါ ကိစ္စများမှအပ မည်သည့်နေရာတွင်မဆို ရောက်ရှိနေသည့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်များနှင့်လည်းကောင်း၊ ထိုလေယာဉ်ပေါ်ရှိသူများနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

(ခ) မြန်မာနိုင်ငံတွင်ရှိနေသော လေယာဉ် သို့မဟုတ် မြန်မာနိုင်ငံ၏ လေပိုင်နက်ပေါ်တွင် ရောက်ရှိနေသော လေယာဉ်အားလုံးနှင့်လည်းကောင်း၊ ထိုလေယာဉ်ပေါ်ရှိသူများနှင့်လည်းကောင်း သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်မဟုတ်ပါက စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများသည် ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့် (၈) တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များ၏နေရာတွင် အစားထိုးလျက် သက်ဆိုင်စေရမည်။

သို့သော် ၁၉၄၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကွန်ဗင်းရှင်း (ချီကာဂိုကွန်ဗင်းရှင်း) နှင့် ဤနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ အခါအားလျော်စွာ သတ်မှတ်ထားသည့် အနိမ့်ဆုံးစံသတ်မှတ်ချက်နှင့် မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံတစ်ခုခု၏ စည်းမျဉ်းဥပဒေများအရ စံသတ်မှတ်ချက်သည် အနည်းဆုံး ပြည့်မီခြင်းမရှိလျှင် ထိုစာချုပ်ဝင်နိုင်ငံ၏ လေယာဉ်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်မဟုတ်ပါက စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများ ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့် (၈) တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃။ (က) မြန်မာနိုင်ငံတွင်မဟုတ်ဘဲ အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ မြန်မာနိုင်ငံတွင် အဓိကစီးပွားရေးလုပ်ငန်း တည်ရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦးက ပျံသန်းပြေးဆွဲသည့် လေယာဉ်ဖြစ်ပါက အဆိုပါ လေယာဉ် မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများသည် ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့် (၈) တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များ၏နေရာတွင် အစားထိုးသက်ဆိုင်စေရမည်။ ထိုကဲ့သို့ သက်ရောက်စေရန်အတွက် ကွန်ဗင်းရှင်းအပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံနှင့် အခြားစာချုပ်ဝင်နိုင်ငံတို့အကြား သဘောတူညီချက်ရရှိပြီးဖြစ်ရမည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံလုံးသည် ကွန်ဗင်းရှင်းအပိုဒ် ၈၃ ပြင်ဆင်ချက်ကို လက်ခံအတည်ပြုပြီးဖြစ်ရမည်။ အဆိုပါ လေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

(ခ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ မြန်မာနိုင်ငံတွင် အဓိကစီးပွားရေးလုပ်ငန်းတည်ရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦးက ပျံသန်းပြေးဆွဲသည့်လေယာဉ်ဖြစ်ပါက ကွန်ဗင်းရှင်းအပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား သဘောတူညီချက်ရရှိပြီး ဖြစ်ရမည်။ အဆိုပါ လေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

(ဂ) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအတွင်း အမြဲတမ်းနေထိုင်သည့်နေရာတွင် အဓိကစီးပွားရေးလုပ်ငန်းတည်ရှိသော သို့မဟုတ် အဓိကစီးပွားရေးလုပ်ငန်းမရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦး၏ ပျံသန်းပြေးဆွဲသည့် လေယာဉ်ဖြစ်ပါက ကွန်ဗင်းရှင်းအပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သဘောတူညီချက် ရရှိပြီးကိစ္စနှင့် သက်ဆိုင်ခြင်း မရှိစေရ။ အဆိုပါ လေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

**လေယာဉ်၏ နိုင်ငံ**

၄။ လေယာဉ်တစ်စီး၏ နိုင်ငံဆိုသည်မှာ ၎င်းကို မှတ်ပုံတင်ထားသော စာချုပ်ဝင်နိုင်ငံပင်ဖြစ်သည်ဟု မှတ်ယူရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၅။ ဤနည်းဥပဒေများတွင်ပါရှိသည့် စကားရပ်များသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ဆိုသည်။

(ခ) **အာဏာပိုင်**ဆိုသည်မှာ ဥပဒေပုဒ်မ ၅-၂ (က) ပါ သက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မည့် ဝန်ကြီးဌာန သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) **မတော်တဆထိခိုက်ပျက်စီးမှု**ဆိုသည်မှာ မောင်းသူရှိလေယာဉ်ဖြစ်လျှင် စီးနင်းသူများ လေယာဉ်ပေါ် ရောက်ရှိသည့်အချိန်မှ ထိုစီးနင်းသူများအားလုံး လေယာဉ်မှဆင်းသွားသည့်အချိန်အတွင်းဖြစ်စေ၊ မောင်းသူမဲ့လေယာဉ်ဖြစ်လျှင် လေယာဉ်ပျံသန်းမှုအတွက် ရွေ့လျားရန်အဆင်သင့်ဖြစ်သည့်အချိန်မှ ခရီးလမ်းဆုံး၍ လေယာဉ်အား အဓိကတွန်းကန်အားပေးသည့် စက်အင်ဂျင်များ ရပ်တန့်သွားသည့် အချိန်အထိဖြစ်စေ လေယာဉ်လှုပ်ရှားပျံသန်းစဉ်ဖြစ်ပွားပေါ်ပေါက်သည့် မတော်တဆထိခိုက် ပျက်စီးမှုကို ဆိုသည်။ ထိုမတော်တဆထိခိုက်ပျက်စီးမှုတွင် အောက်ပါတို့ ပါဝင်သည် -

(၁) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ်ပေါ်ပါ လူတစ်ဦးဦးသေစေခဲ့သော ဒဏ်ရာရရှိခြင်း သို့မဟုတ် ပြင်းထန်သောဒဏ်ရာရရှိခြင်း -

(ကက) လေယာဉ်အတွင်း ဖြစ်ပွားခြင်း သို့မဟုတ်

(ခ ခ) လေယာဉ်မှ ပြုတ်ထွက်လာသည့်အစိတ်အပိုင်းများအပါအဝင် လေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုနှင့် တိုက်ရိုက်ထိခိုက်မိခြင်း သို့မဟုတ်

(ဂ ဂ) ဂျက်အင်ဂျင်မှ စွန့်ထုတ်သောလေပြင်းအား တိုက်ရိုက်ဆောင့်တိုးခြင်း။

(၂) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ်ထိခိုက်ပျက်စီးသွားခြင်း သို့မဟုတ် လေယာဉ်ဖွဲ့စည်းတည်ဆောက်ပုံ ယိုယွင်းသွားခြင်း -

(ကက) လေယာဉ်ဖွဲ့စည်းတည်ဆောက်ထားသည့် စွမ်းအား၊ လေယာဉ်ဆောင်ရွက်နိုင်မှု သို့မဟုတ် ပျံသန်းရေးဆိုင်ရာအချက်အလက်များ ဆိုးရွားစွာထိခိုက်သွားခြင်း၊

(ခ ခ) ထိခိုက်ပျက်စီးမှုသည် အင်ဂျင်ချို့ယွင်းမှုနှင့် အင်ဂျင်အဖုံးများ (Cowlings)၊ ကိရိယာ တန်ဆာပလာများ၊ ပန်ကာဒလက်များ (Propellers)၊ တောင်ပံထိပ်ဖျားများ (Wingtips)၊ အင်တင်နာများ (Antennas)၊ တာယာများ၊ ဘရိတ်များ၊ လေတိုးမှုကို ချောမွေ့စေသောဖယ်ရင်များ (Fairings)၊ သေးငယ်သော အပိန့်အချိုင့်များ (Small dents) သို့မဟုတ် လေယာဉ်ကိုယ်ထည်အကာပြားရှိ အပေါက်ငယ်များ (Puncture holes in the Aircraft Skin) ကိုသာ ထိခိုက်ပျက်စီးမှုဖြစ်သည့်ကိစ္စမှ အပ သာမန်အားဖြင့် လေယာဉ်အစိတ်အပိုင်းကို ထိခိုက်ပျက်စီးသည့်အတွက် အဓိက ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းကြောင့်ဖြစ်ခြင်း။

(၃) လေယာဉ်ပျောက်ဆုံးခြင်း သို့မဟုတ် လေယာဉ်ကို လုံးဝဆက်သွယ်၍ မရခြင်း။

**ရှင်းလင်းချက်**။ (၁) စာရင်းဇယားပြုလုပ်ရာတွင် တစ်သမတ်တည်းဖြစ်စေရေးအတွက် ရရှိသည့် ဒဏ်ရာသည် ရက် ၃၀ အတွင်း လူသေစေခဲ့သောဒဏ်ရာဖြစ်ရမည်။

(၂) လေယာဉ်မှအပျက်အစီးကို ရှာမတွေ့လျှင် တရားဝင်ရှာဖွေကယ်ဆယ်ရေးကို ရပ်ဆိုင်းလိုက်ပါက လေယာဉ်ပျောက်ဆုံးနေသည်ဟု ယူဆရမည်။

(၃) မတော်တဆ ထိခိုက်ပျက်စီးမှုအတွက် စုံစမ်းစစ်ဆေးရေးပြုလုပ်ရမည့် မောင်းသူမဲ့လေယာဉ်အမျိုးအစားကို အဖွဲ့ချုပ်၏ (နောက်ဆက်တွဲ-၁၃) ပါ အပိုဒ် (၅-၁) တွင် ဖော်ပြထားသည့်အတိုင်း ယူဆမည်။

(၄) လေယာဉ်ပျက်စီးမှုနှင့်ပတ်သက်၍ သတ်မှတ်ခြင်းကို အဖွဲ့ချုပ်၏ (နောက်ဆက်တွဲ-၁၃) ပါ နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသည်။

(ဃ) **မတော်တဆဖြစ်ပွားမှု**ဆိုသည်မှာ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုမှအပ လေယာဉ် ပျံသန်းမှုအား ထိခိုက်စေခြင်း သို့မဟုတ် လေယာဉ်ဘေးအန္တရာယ်ကင်းရှင်းစွာပျံသန်းမှုနှင့် ပတ်သက်၍ ဖြစ်ပွားသောဖြစ်စဉ်တစ်ရပ်ရပ်ကို ဆိုသည်။

(င) **ကောင်းကင်မှလေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း**ဆိုသည်မှာ အများပြည်သူပို့ဆောင်ရေးအတွက် မဟုတ်ဘဲ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ကောင်းကင်ဓာတ်ပုံရိုက်ကူးရေး၊ ကောင်းကင်မှ မြေ တိုင်းတာရေး၊ ဘူမိဗေဒစူးစမ်းလေ့လာရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ကောင်းကင်မှကြော်ငြာလုပ်ငန်း ဆောင်ရွက်ရေးစသည့်အထူးပြုလုပ်ငန်းများကို လေယာဉ်အသုံးပြု၍ ဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **လေယာဉ်ကွင်း အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ ဤနည်းဥပဒေများအရ လေယာဉ်ကွင်းများ လုပ်ကိုင်ဆောင်ရွက်မှုအတွက် လေယာဉ်ကွင်းလက်စွဲနှင့်အညီ လက်ခံအတည်ပြုပြီး ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဆ) **လေယာဉ်ကွင်းလိုင်စင်**ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဇ) **လိုင်စင်ရလေယာဉ်ကွင်း**ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်ရန် လေယာဉ်ကွင်း လိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်သူကို ခွင့်ပြုပေးထားသော လေယာဉ်ကွင်းကို ဆိုသည်။

(ဈ) **လေယာဉ်ကွင်းလက်စွဲ**ဆိုသည်မှာ လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပြီး ဦးစီးဌာနက လက်ခံအတည်ပြုထားသည့် စည်းကမ်းချက်များ နှင့်အညီ ရေးဆွဲထားသော ပြင်ဆင်ချက်များပါဝင်သည့်လက်စွဲကို ဆိုသည်။

(ည) **လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်းတွင် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေးအတွက် တာဝန်ရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ဋ) **လေကြောင်းလမ်းပြမီးများ (Aeronautical beacon)** ဆိုသည်မှာ မြေပြင်တွင် သီးခြားသတ်မှတ်သော အချက်ပြနေရာကို အဆက်မပြတ်ဖြစ်စေ၊ ပြတ်တောင်းပြတ်တောင်းဖြစ်စေ လေယာဉ် အတက်အဆင်းပြေးလမ်းနှင့် ဝဲယာနေရာ (Azimuth) အားလုံးမြင်နိုင်သော လေယာဉ်ကွင်းမြေပြင် အချက်ပြမီးတစ်ခုကို ဆိုသည်။

(ဌ) **လေယာဉ်ကွင်း မြေပြင်အချက်ပြမီး**ဆိုသည်မှာ လေယာဉ်ပါအချက်ပြမီးမှအပ လေကြောင်း ပျံသန်းရေးအတွက် အထောက်အကူအဖြစ် သီးခြားပြသပေးသည့် အချက်ပြမီးတစ်ခုခုကို ဆိုသည်။

(ဍ) **လေယာဉ်ပျံ (Aeroplane)** ဆိုသည်မှာ လေ၏ကမ္ဘာမြေကြီးအပေါ် ကျရောက်သော တုံ့ပြန်အား မှအပ လေ၏တွန်းကန်အားကို အဓိကအားပြု၍ လေထဲတွင်သွားလာသည့် လေထက်လေးသော စက်တပ်လေယာဉ်ကို ဆိုသည်။

(ဎ) **လေယာဉ်၏အစိတ်အပိုင်း**ဆိုသည်မှာ လေယာဉ်တစ်စီးလေထဲတွင် အစဉ် စိတ်ချစွာ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး လေယာဉ်တွင် တပ်ဆင် အသုံးပြုသည့်အခါ ကောင်းမွန်စွာအလုပ်လုပ်ဆောင်သော မည်သည့်အစိတ်အပိုင်းနှင့် တပ်ဆင် ပစ္စည်းကိုမဆို ဆိုသည်။

(ဏ) **လေကြောင်းလုပ်ငန်း ဆောင်ရွက်သူအသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ သီးခြားသတ်မှတ်ထားသည့် စီးပွားရေးအတွက် လေကြောင်းပျံသန်းရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်သူအား ညွှန်ကြားရေးမှူးချုပ်မှ လုပ်ပိုင်ခွင့်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **လေကြောင်းပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်၊ ကုန်စည်၊ ချောစာ သို့မဟုတ် မည်သည့် သက်ရှိသက်မဲ့အရာတို့ကို မည်သို့သော အဖိုးအခဖြင့်ဖြစ်စေ အများပြည်သူပို့ဆောင်ရေးကို လေယာဉ်ဖြင့် ပျံသန်းမှုတစ်ကြိမ် သို့မဟုတ် ပျံသန်းမှုအစဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက် ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တာဝန်ယူဆောင်ရွက်ခြင်းများလည်း ပါရှိသည်။

(ထ) **ပုံမှန်လေကြောင်းပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ နှစ်နေရာ သို့မဟုတ် နှစ်နေရာထက်ပိုသော နေရာများအကြား လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို ကြေညာထားသည့် အချိန် ဇယားအတိုင်း ပျံသန်းဆောင်ရွက်ခြင်း သို့မဟုတ် အများပြည်သူများ အသုံးပြုစီးနင်းနိုင်သည့် ခရီးစဉ်များကို အစီအစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်လောက်အောင် ခေါက်ရေများ ပုံမှန် သို့မဟုတ် ကြိမ်ဖန်များစွာ ပျံသန်းဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဒ) **အသိအမှတ်ပြု ပြုပြင်ထိန်းသိမ်းမှုစနစ်**ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတည်ပြု ခွင့်ပြုထားသော ပြုပြင်ထိန်းသိမ်းမှုစနစ်ကို ဆိုသည်။

(ဓ) **လေယာဉ်ရပ်နားနေရာ (Apron)** ဆိုသည်မှာ လေယာဉ်ခရီးသည်၊ ချောစာ သို့မဟုတ် ကုန်စည်များအတင်အချပြုလုပ်ရေး၊ လေယာဉ်ဆီဖြည့်တင်းရေး၊ လေယာဉ်ရပ်နားရေး သို့မဟုတ် ပြုပြင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်မည့် လေယာဉ်များအတွက်ရပ်နားရန် မြေပြင်ပေါ်ရှိ လေယာဉ်ကွင်းတစ်ကွင်းတွင် သတ်မှတ်ထားသောနေရာကို ဆိုသည်။

(န) **အတည်ပြုဆေးဘက်ဆိုင်ရာအာဏာပိုင်**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသော ကျန်းမာရေးအာဏာပိုင်ကို ဆိုသည်။

(ပ) **ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်**ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အညီ ထုတ်ပေးသောအသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဖ) **ကွန်ဗင်းရှင်း**ဆိုသည်မှာ ၁၉၄၄ ခုနှစ်၊ ချီကာဂိုမြို့တွင် လက်မှတ်ရေးထိုးပြီးအတည်ပြုသော အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းသယ်ယူပို့ဆောင်ရေးကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံက အခါအားလျော်စွာ လက်ခံထားသော ယင်း၏ ပြင်ဆင်ချက်များကို ဆိုသည်။

(ဗ) **ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် ကောင်စီ (ICAO Council) မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အခါအားလျော်စွာ အတည်ပြုထုတ်ပြန်ထားသည့် နည်းပညာဆိုင်ရာညွှန်ကြားချက်တွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းစာရင်း၌ ဖော်ပြထားသည့် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပစ္စည်းဥစ္စာ သို့မဟုတ် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်စွမ်းသော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် ဒြပ်ပစ္စည်းကို ဆိုသည်။

(ဘ) **လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်**ဆိုသည်မှာ သက်ဆိုင်ရာလေယာဉ်ပျံသန်းရေးအမှုထမ်းအား ထုတ်ပေးသည့် အောက်ပါလိုင်စင်များကို ဆိုသည် -

(၁) လေယာဉ်မှူးကြီးလိုင်စင်၊

(၂) လေယာဉ်မှူးလိုင်စင်၊

(၃) ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင်၊

(၄) သင်တန်းသားလေယာဉ်မောင်းလိုင်စင်။

(မ) **ပျံသန်းရေးလက်စွဲ**ဆိုသည်မှာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်နှင့် ဆက်စပ်လျက်ရှိပြီး လေယာဉ်ပျံသန်းရေးအမှုထမ်းများက လေယာဉ်ကို ဘေးအန္တရာယ် ကင်းရှင်းစွာပျံသန်းအသုံးပြုနိုင်ရေးအတွက် ကန့်သတ်ချက်၊ လိုအပ်သည့်လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များပါဝင်သော လက်စွဲစာအုပ်ကို ဆိုသည်။

(ယ) **လေယာဉ်ပျံသန်းရေးအမှုထမ်း**ဆိုသည်မှာ လေယာဉ်ပျံသန်းရေးတာဝန်ထမ်းဆောင်ချိန်အတွင်း လေယာဉ်မောင်းနှင်ပျံသန်းရန် အထူးတာဝန်ပေးခြင်းခံရသည့် လိုင်စင်ရဝန်ထမ်းကို ဆိုသည်။

(ရ) **ပျံသန်းချိန်**ဆိုသည်မှာ -

(၁) လေယာဉ်ပျံဖြစ်ပါက လေယာဉ်ပျံစတင်ရွေ့လျားသည့်အချိန်မှခရီးစဉ်အဆုံးရောက်ရှိ ရပ်နားသည့်အချိန်မတိုင်မီအထိ စုစုပေါင်းအချိန်ကို ဆိုသည်။

(၂) ရဟတ်ယာဉ်ဖြစ်ပါက ရဟတ်ဒလက်စတင်လည်ပတ်ချိန်မှ ခရီးစဉ်အဆုံးရောက်ရှိရပ်နားပြီး ရဟတ်ဒလက်ရပ်သည့်အချိန်မတိုင်မီအထိ စုစုပေါင်းအချိန်ကို ဆိုသည်။

***ရှင်းလင်းချက်။*** ပျံသန်းချိန်ဟုဖွင့်ဆိုချက်သည် လေယာဉ်ပျံစတင်ရွေ့လျားပျံသန်းချိန်မှ သို့မဟုတ် ရဟတ်ဒလက်စတင်လည်ပတ်ချိန်မှ ခရီးစဉ်အဆုံးမရောက်မီအထိ အချိန်ကို ယေဘုယျခေါ်ဆိုကြသည့် **ကြမ်းတုံးဖယ်ချိန်မှ ကြမ်းတုံးခုချိန်အထိ** ဆိုသော အဓိပ္ပာယ်နှင့်ဆင်တူသည်။

(လ) **နိုင်ငံခြားမှတ်ပုံတင်လေယာဉ်**ဆိုသည်မှာ နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင် ထားသည့်လေယာဉ်ကို ဆိုသည်။

(ဝ) **အစိုးရလေယာဉ်ကွင်း**ဆိုသည်မှာ အစိုးရက သို့မဟုတ် အစိုးရကိုယ်စားထိန်းသိမ်းသည့် လေယာဉ်ကွင်းကို ဆိုသည်။

(သ) **ရဟတ်ယာဉ်**ဆိုသည်မှာ လေထက်ပိုလေးပြီး ဒေါင်လိုက်ဝင်ရိုးတွင် ရဟတ်ဒလက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မောင်းနှင်အားဖြင့် ပျံသန်းမှုအား အထောက်အကူပေးသောလေယာဉ်ကို ဆိုသည်။

(ဟ) **စုံစမ်းစစ်ဆေးခြင်း**ဆိုသည်မှာ မတော်တဆထိခိုက်ပျက်စီးမှုများကို တားဆီးကာကွယ်ရန်အလို့ငှာ မတော်တဆထိခိုက်ပျက်စီးမှုဖြစ်ပွားရသည့်အကြောင်းရင်း၊ ဆုံးဖြတ်ရသည့်အကြောင်းရင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထောက်ခံတင်ပြချက်များအပါအဝင် သတင်းအချက် အလက်များစုစည်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများပြုလုပ်သည့်လုပ်ငန်းစဉ်များကို ဆိုသည်။

(ဠ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(အ) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ကက) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ ခ) **ရွေ့လျားမှုဧရိယာ**ဆိုသည်မှာ လေယာဉ်ကွင်းတွင် လေယာဉ်ရွေ့လျားသွားလာသည့်ဧရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် လေယာဉ်အတက်အဆင်းပြေးလမ်းမြေဧရိယာများနှင့် လေယာဉ်ရပ်နားနေရာများလည်း ပါဝင်သည်။

***ရှင်းလင်းချက်။*** လေယာဉ်အတက်အဆင်းပြေးလမ်းမြေဧရိယာဆိုသည်မှာ လေယာဉ်ကွင်းတွင် လေယာဉ်တက်ရန်နှင့်ဆင်းသက်ရန်အတွက် သတ်မှတ်ဆောက်လုပ်ထားသည့် မြေဧရိယာကို ဆိုသည်။

(ဂ ဂ) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဃဃ) **အတားအဆီး**ဆိုသည်မှာ အောက်ပါတို့နှင့်စပ်လျဉ်း၍ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ထားသော ပစ္စည်းကိရိယာဖြင့်ဖြစ်စေ၊ ရွေ့လျားနိုင်သောပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းကိရိယာဖြင့်ဖြစ်စေ ပိတ်ပင်တားဆီးမှုကို ဆိုသည် -

(၁) လေယာဉ်ရွေ့လျားသည့် မြေဧရိယာတွင်ရှိခြင်း သို့မဟုတ်

(၂) လေယာဉ်ပျံသန်းချိန်တွင် ကာကွယ်ထားသော သတ်မှတ်ဧရိယာထက် ကျော်လွန်ခြင်း သို့မဟုတ်

(၃) လေကြောင်းပျံသန်းရေးတွင် အန္တရာယ်ရှိသည်ဟု ယူဆထားသော သတ်မှတ်ထားသည့် မြေဧရိယာ၏ပြင်ပတွင် တည်ရှိခြင်း။

(င င) **လေယာဉ်မှူးကြီး (Pilot-in-Command)** ဆိုသည်မှာ -

(၁) စီးပွားဖြစ်ပျံသန်းသည့်လေယာဉ်ဖြစ်ပါက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ခံ၍ မောင်းနှင်ပျံသန်းသော လေယာဉ်မှူးကို ဆိုသည်။ ထို့ပြင်

(၂) အထွေထွေလေကြောင်းပျံသန်းမှု သို့မဟုတ် **ရဟတ်ယာဉ်** ပျံသန်းမှုဖြစ်ပါက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပျံသန်းရေးလုပ်ငန်းများကို တာဝန်ယူကြီးကြပ်မောင်းနှင်ရသောသူ သို့မဟုတ် ပိုင်ရှင်က သတ်မှတ်တာဝန်ပေးထားသည့် လေယာဉ်မှူးကို ဆိုသည်။

(စ စ) **အရည်အသွေးစံနှုန်း (Rating)** ဆိုသည်မှာ သက်ဆိုင်ရာလိုင်စင်နှင့် လိုင်စင်၏ လုပ်ငန်းအစိတ်အပိုင်းအတွက် အထူးစည်းကမ်းချက်များ၊ ကင်းလွတ်ခွင့်များ သို့မဟုတ် ကန့်သတ်ချက်များပါဝင်၍ လိုင်စင်တွင် အဆင့်နှုန်းထားအလိုက် အခွင့်အာဏာပေးထားခြင်းကို ဆိုသည်။

(ဆဆ) **ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုစနစ်**ဆိုသည်မှာ အဖွဲ့အစည်းဖွဲ့စည်းမှုပုံစံ၊ တာဝန်ခံမှု၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံခန့်ခွဲမှုဖြစ်စေရန် စနစ်တကျချဉ်းကပ်သည့်စနစ်ကို ဆိုသည်။

(ဇ ဇ) **စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ မြန်မာနိုင်ငံအပါအဝင် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဈ ဈ) **အခွန်အခနှုန်း**ဆိုသည်မှာ လေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အား ပေးရမည့် ကော်မရှင်ခ၊ စည်းကမ်းချက်များအရ အခကြေးငွေများအပါအဝင် ခရီးသည်များ၊ ခရီးသည်ဝန်စည်စလယ်များ၊ ကုန်စည်များကို တာဝန်ယူသယ်ယူပို့ဆောင်ရသဖြင့် ကောက်ခံသည့်အခ၊ နှုန်းထားနှင့် အခကြေးငွေများကို ဆိုသည်။

(ညည) **ခရီးသွားစာရွက်စာတမ်းအမှတ်အသား**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာခရီးသွားလာသူများအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက အသိအမှတ်ပြုထုတ်ပေးသည့် နိုင်ငံကူးလက်မှတ် (Passport) သို့မဟုတ် အခြားတရားဝင်စာရွက်စာတမ်းကို ဆိုသည်။

(ရ ရ) **လေယာဉ်အမျိုးအစားအသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက လေယာဉ်အမျိုးအစားဒီဇိုင်းသတ်မှတ်ရန်နှင့် အဆိုပါဒီဇိုင်းသည် ယင်းနိုင်ငံမှ သတ်မှတ်ထားသော ပျံသန်းနိုင်ခြေသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိကြောင်းစိစစ်သတ်မှတ်ရန် စာချုပ်ဝင်နိုင်ငံတစ်ခုခုက ထုတ်ပေးထားသည့် လက်မှတ်ကိုဆိုသည်။

(ဌ ဌ) **လေယာဉ်အမျိုးအစား**ဆိုသည်မှာ လေယာဉ်၏ထိန်းချုပ်မှု သို့မဟုတ် ပျံသန်းမှု မူလလက္ခဏာများကိုပြောင်းလဲမှုဖြစ်စေသည့် ပြုပြင်မွမ်းမံခြင်းဆောင်ရွက်ထားသည့် လေယာဉ်များမှအပ ပြုပြင်မွမ်းမံခြင်းဆောင်ရွက်ထားသည့် လေယာဉ်များအပါအဝင် အခြေခံတည်ဆောက်မှုဒီဇိုင်းတူညီသော လေယာဉ်များအားလုံးကို ဆိုသည်။

(ဍ ဍ) **အမျိုးအစားအရည်အသွေးစံနှုန်း**ဆိုသည်မှာ လေယာဉ်အမျိုးအစားအသီးသီးအတွက် သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းနှုန်းထားကို ဆိုသည်။

## အခန်း (၂)

## ပျံသန်းမှုဆိုင်ရာ ယေဘုယျသတ်မှတ်ချက်များ

### လေယာဉ်အသုံးပြုခြင်းနှင့် ပျံသန်းခြင်း

၆။ ဤနည်းဥပဒေများနှင့်အညီမှလွဲ၍ မည်သူမျှ လေယာဉ်အသုံးပြုခြင်း၊ ပျံသန်းခြင်း သို့မဟုတ် အသုံးပြုရာတွင်ဖြစ်စေ၊ ပျံသန်းရာတွင်ဖြစ်စေ ကူညီခြင်းမပြုရ။

### မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်နိုင်ငံနှင့် မှတ်ပုံတင်အမှတ်များ

၇။ အောက်ပါအချက်များနှင့်မကိုက်ညီသော လေယာဉ်တစ်စီးစီးကို မည်သူမျှ ပျံသန်းခြင်း သို့မဟုတ် ပျံသန်းရာတွင် ကူညီခြင်းမပြုရ -

(က) မှတ်ပုံတင်ထားပြီး ဖြစ်ရမည်။

(ခ) နည်းဥပဒေ ၅၄ နှင့်အညီ လေယာဉ်ပေါ်တွင် စာချုပ်ဝင်နိုင်ငံနှင့် မှတ်ပုံတင်အမှတ်အသားများနှင့် လေယာဉ်ပိုင်ရှင်၏ အမည်နှင့်လိပ်စာတို့ကို ရေးခြယ်၍လည်းကောင်း၊ ကပ်ထား၍လည်းကောင်း ပြသထားရမည်ဖြစ်ပြီး နိုင်ငံတော်မှအပ အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ဖြစ်ပါက ထိုစာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းများနှင့်အညီ အလားတူဆောင်ရွက်ထားရမည်။

သို့ရာတွင် ဤနည်းဥပဒေ ၇ ပါ တားမြစ်ချက်သည် ဝန်ကြီးဌာန၏စာဖြင့် အထူးခွင့်ပြုချက်တွင် ပါရှိသည့်သတ်မှတ်ချက်၊ ကန့်သတ်ချက်များနှင့်အညီ ပျံသန်းသည့်လေယာဉ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

### တားမြစ်ထားသည့်ပျံသန်းမှု

၈။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်မျှ ဤနည်းဥပဒေများ၏ ဇယား (၁) ၌ သတ်မှတ်ထားသည့် တားမြစ်နယ်မြေတစ်ခုခုပေါ်တွင် ပျံသန်းခြင်း မပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသောခွင့်ပြုချက်ပါ စည်းကမ်းသတ်မှတ်ချက်နှင့်အညီမှတစ်ပါး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်မျှ မြန်မာနိုင်ငံ၏ပြင်ပသို့ ပျံသန်းမှုပြုရန်အလို့ငှာ ထွက်ခွာခွင့်မရှိစေရ။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောလေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း**

၉။ (က) လေယာဉ်တိုင်းသည် ဤနည်းဥပဒေများ၏ အခန်း (၅) ပါ လေယာဉ်အမှုထမ်းများက လေယာဉ်ကို ပျံသန်းမောင်းနှင်ရမည်ဖြစ်ပြီး ယင်းအမှုထမ်းများသည် ထိုအခန်း (၅) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းပုံစံအတိုင်း လိုင်စင်ရရှိထားသူများဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်လေယာဉ်များမဟုတ်ပါက ထိုလေယာဉ်များ၏ အမှုထမ်းများသည် အဆိုပါလေယာဉ်များ မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုင်စင်များကိုင်ဆောင်ထားရမည်။

(ဂ) သင်တန်းသားလေယာဉ်မောင်းသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဝန်ပါအလေးချိန် ၁၅၀၀ ကီလိုဂရမ်ထက်မကျော်သောလေယာဉ်ကို လိုင်စင်မရှိဘဲ ပျံသန်းမောင်းနှင်နိုင်သည် -

(၁) လေယာဉ်တွင် ဒွန်တွဲမောင်းနှင်စနစ် တပ်ဆင်ထားခြင်း၊

(၂) လေယာဉ်မောင်းနည်းပြတစ်ဦးပါရှိခြင်း၊

(၃) လေယာဉ်ပျံသန်းခြင်းနှင့် ပျံသန်းသည့်ရည်ရွယ်ချက်ကို လေယာဉ်ထွက်ခွာသည့် လေယာဉ်ကွင်းတာဝန်ခံထံသို့ ကြိုတင်အသိပေးအကြောင်းကြားထားခြင်း။

(ဃ) လေယာဉ်ပေါ်တွင် အခြားမည်သူတစ်ဦးမျှ သယ်ဆောင်မှုမပြုခြင်း။

ထို့ပြင် သင်တန်းသားသည် လိုင်စင်ထုတ်ပေးရန်အတွက် လိုအပ်သောကျန်းမာရေးပြည့်စုံမှုရှိခြင်း၊ ပျံသန်းရေးနည်းပြ၏ စစ်ဆေးမှုဖြင့် ပျံသန်းမှုစာမေးပွဲအောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားခြင်းဖြစ်ပါက အမောင်းသင်လိုင်စင်၏ အခွင့်အရေးများကို ကျင့်သုံးခွင့်ရှိသည်။ အဆိုပါ အသိအမှတ်ပြုလက်မှတ်သည် ၂ လအထိ သို့မဟုတ် သင်တန်းသားသည် အမောင်းသင်လိုင်စင်ရရှိချိန်အထိ ယင်းတို့အနက်မှ ကြာမြင့်ချိန် အနည်းဆုံးအချိန်အထိ သက်တမ်းရှိရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောလေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**အရည်အသွေးစံနှုန်းတွင် ပါဝင်ရမည့် လေယာဉ်အမျိုးအစား**

၁၀။ နည်းဥပဒေ ၁၁ နှင့် ၁၂ တို့တွင် ပြဋ္ဌာန်းထားသည်မှအပ မည်သူမျှ လိုင်စင်ပါလေယာဉ်အရည်အသွေးစံနှုန်းသတ်မှတ်ချက်တွင် မပါဝင်သည့်လေယာဉ်၏ လေယာဉ်မှူးအဖြစ် ပျံသန်းခြင်း မပြုရ။

**လိုင်စင်အရည်အသွေးတိုးမြှင့်ရေးအတွက် အရည်အသွေးပြည့်ဝစေရန် ပျံသန်းမှုများ**

၁၁။ လေယာဉ်မှူးလိုင်စင်ကိုင်ဆောင်ထားသူသည် ယင်း၏လိုင်စင်တွင် လေယာဉ်မောင်းအရည်အချင်းသတ်မှတ်နှုန်းထားပါဝင်ခြင်းမရှိသော လေယာဉ်အမျိုးအစားကို ယင်း၏လိုင်စင်တွင် အဆိုပါ လေယာဉ်အမျိုးအစားထည့်သွင်းနိုင်ရေးအတွက် အရည်အချင်းစစ်ဆေးရန်အလို့ငှာ လေယာဉ်မှူးအဖြစ် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ပျံသန်းနိုင်သည်။

သို့ရာတွင် အရည်အချင်းပြည့်ဝရေးအတွက် လေယာဉ်မောင်းသူသည် လေယာဉ်ပျံသန်းနေစဉ်အတွင်း အောက်ဖော်ပြပါကိစ္စရပ်များမှအပ လေယာဉ်ပေါ်တွင် မည်သူ့ကိုမျှ တင်ဆောင်ခြင်း မပြုရ -

(က) ဤနည်းဥပဒေများအရ လေယာဉ်တာဝန်ထမ်းဆောင်သော အမှုထမ်းအဖြစ် လိုက်ပါရန် လိုအပ်သူ သို့မဟုတ်

(ခ) လိုက်ပါသည့်သူမှာ လေယာဉ်အမှုထမ်းအဖြစ် လေ့ကျင့်ပေးရန်အလို့ငှာ လေကြောင်းလိုင်း၏ သဘောတူညီချက်ဖြင့် လိုက်ပါခြင်း၊

(ဂ) သင်တန်းတွင် လေ့ကျင့်သင်ကြားပြသခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုရန်ဖြစ်စေ၊ လေယာဉ်စမ်းသပ်ပျံသန်းရာတွင်ဖြစ်စေ လေယာဉ်ပေါ်တွင် လိုအပ်ချက်အရ လိုက်ပါခြင်း၊

(ဃ) ထိုသူမှာ ညွှန်ကြားရေးမှူးချုပ်၏ အထူးခွင့်ပြုချက်ဖြင့် လိုက်ပါခြင်း။

ထို့ပြင် အဆိုပါ ပျံသန်းမှုများသည် ပျံသန်းမှုပြုနေစဉ်အတွင်း လေယာဉ်ကွင်းတာဝန်ခံထံ ကြိုတင်အကြောင်းကြားပြီး အနီးတစ်ဝိုက်ပျံသန်းခြင်းသော်လည်းကောင်း၊ လိုင်စင်ရလေယာဉ်ကွင်း သို့မဟုတ် အစိုးရလေယာဉ်ကွင်း၏ဧရိယာအတွင်း ပျံသန်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်။ သို့ရာတွင် ခရီးဝေးပျံသန်းခြင်းအပါအဝင် အထွေထွေပျံသန်းမှုလေ့လာရေးအတွက် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း အနီးတစ်ဝိုက်ပြင်ပဧရိယာများသို့ လေယာဉ်ပေါ်တွင် လိုက်ပါလာသော နည်းပြလေယာဉ်မှူးနှင့်အတူ လိုက်ပါဒွန်တွဲမောင်းနှင်ခြင်းအား ကန့်သတ်မှုမရှိစေရ။

**စမ်းသပ်ပျံသန်းခြင်းများနှင့် အခြားသောအခကြေးငွေမယူသည့် အထူးကိစ္စရပ်များအတွက် ပျံသန်းခြင်းများ**

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ကိုင်ဆောင်သူတစ်ဦးကို ယင်း၏လိုင်စင်အရည်အသွေး စံနှုန်းသတ်မှတ်ချက်တွင် ထည့်သွင်းဖော်ပြမထားသော ပျံသန်းမောင်းနှင်ပိုင်ခွင့်မရှိသည့် လေယာဉ်အမျိုးအစားကို စမ်းသပ်ပျံသန်းရန် သို့မဟုတ် ခွင့်ပြုထားသည့် အတိုင်းအတာသဘောတူညီချက်များအရ ခရီးသည်မပါဘဲပျံသန်းခြင်းအား ခွင့်ပြုပေးနိုင်သည်။ ထို့ပြင် အဆိုပါ ခွင့်ပြုချက်သည် စမ်းသပ်ပျံသန်းခြင်း သို့တည်းမဟုတ် သတ်မှတ်ထားသောပျံသန်းခြင်းပြီးဆုံးသည်အထိ အချိန်အားဖြင့် ကန့်သတ်နိုင်သည်။

သို့ရာတွင် လိုင်စင်ကိုင်ဆောင်သူသည် အဆိုပါ ပျံသန်းမှုအား ပြုလုပ်ရန်အတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသော ကျွမ်းကျင်မှုအရည်အသွေးလိုအပ်ချက်စံညွှန်းများနှင့်ကိုက်ညီကြောင်း သက်သေခံအထောက်အထား တင်ပြရမည်။

ထို့ပြင် လေယာဉ်စမ်းသပ်ပျံသန်းမှုတွင် လေယာဉ်အမှုထမ်းများမှတစ်ပါး ညွှန်ကြားရေးမှူးချုပ်၏ အထူးခွင့်ပြုချက်ရရှိမထားသူ မည်သူမျှ လေယာဉ်ပေါ်တွင် တင်ဆောင်ခြင်း မပြုရ။

ထို့ပြင် စမ်းသပ်ပျံသန်းမှုအား ဦးစီးဌာနက သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပျံသန်းမှုခရီးစဉ်အား လေယာဉ်ကွင်းတာဝန်ခံသို့ ပျံသန်းနေစဉ်အတွင်း ကြိုတင်အကြောင်းကြားရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ **သီးခြားအထူးရည်ရွယ်ချက်အရ ပြုလုပ်သော အခကြေးငွေမယူဘဲ ပျံသန်းမှု၊ ခရီးသည်တင်ဆောင်ခြင်းမရှိသောပျံသန်းမှု** ဆိုရာတွင် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများအတွက်သော်လည်းကောင်း လူမှုကယ်ဆယ်ရေးရည်ရွယ်ချက်ဖြင့် ကယ်ဆယ်ရေးကုန်ပစ္စည်းများသယ်ဆောင်လာသည့် အစိုးရ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခွင့်ပြုထားသော ပျံသန်းမှုများပါဝင်သည်။

**လေယာဉ်ပေါ်တွင် ပါရှိရမည့် စာရွက်စာတမ်းအထောက်အထားများ**

၁၃။ မည်သည့် အများပြည်သူပို့ဆောင်ရေးသုံးလေယာဉ်၏ တာဝန်ခံက အောက်ပါစာရွက်စာတမ်းအထောက်အထားများကို လေယာဉ်ပေါ်တွင် ပါရှိခြင်းမရှိဘဲ ၎င်းလေယာဉ်ကို ပျံသန်းခွင့်မပြုရ -

(က) လေကြောင်းလိုင်း ပျံသန်းပြေးဆွဲခွင့်လက်မှတ်နှင့် ပျံသန်းပြေးဆွဲခွင့်သတ်မှတ်ချက်မိတ္တူမှန်၊

(ခ) လေယာဉ်မှတ်ပုံတင်လက်မှတ်၊

(ဂ) ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်းလက်မှတ်၊

(ဃ) လေယာဉ်ပျံ၊ ရဟတ်ယာဉ်အသံနှင့် သက်ဆိုင်သည့်လက်မှတ်၊

(င) လေယာဉ်ပျံသန်းရေးအမှုထမ်းများ၏ လိုင်စင်များ၊

(စ) ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခွင့်လိုင်စင်၊

(ဆ) ခရီးသွားမှတ်တမ်းစာအုပ်၊

(ဇ) လေယာဉ်ပျံသန်းပြေးဆွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်၊

(ဈ) လေယာဉ်တွင် အနည်းဆုံးတပ်ဆင်ရမည့် စက်ပစ္စည်းများစာရင်းနှင့် လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများ သွေဖည်မှုစာရင်း၊

(ည) ပျံသန်းရေးလက်စွဲစာအုပ်၊

(ဋ) လေယာဉ်မောင်း၊ လေယာဉ်မယ် လက်စွဲစာအုပ်၊

(ဌ) လေယာဉ်မောင်းခန်းအတွင်းနှင့် အရေးပေါ်အခြေအနေတွင် စစ်ဆေးဆောင်ရွက်ရမည့်အချက်များ (ပျံသန်းရေးလက်စွဲစာအုပ်ထဲတွင် ဖော်ပြထားခြင်းမရှိခဲ့လျှင်)၊

***မှတ်ချက်။*** လေယာဉ်ပေါ်တွင် တင်ဆောင်သော ပျံသန်းမှုဆိုင်ရာ လက်စွဲစာအုပ်တွင် မပါဝင်ပါက ပျံတက်ခြင်း၊ အရှိန်နှုန်းမှန်မှန်ဖြင့် ပျံသန်းနေခြင်းနှင့် ဆင်းသက်ခြင်းအဆင့်များတွင် ဆောင်ရွက်ရန် စာရင်းများကို လေယာဉ်မောင်းအခန်းတွင် ပြသထားရမည်။

(ဍ) လေယာဉ်ပျံ၊ ရဟတ်ယာဉ်ရှာဖွေရေးလုပ်ထုံးလုပ်နည်းများအတွက် ဆောင်ရွက်ရန်အချက်များ၊

(ဎ) ပျံသန်းရေးဆောင်ရွက်ရန် စက်မှုလက်မှုနှင့် ပျံသန်းရေးဌာနတို့မှ ခွင့်ပြုချက်လက်မှတ်၊

(ဏ) လေကြောင်းခရီးလမ်းညွှန်၊

(တ) ပျံသန်းမည့်လမ်းကြောင်းနှင့် လမ်းလွှဲသွားမည့် လမ်းကြောင်းအတွက် နောက်ဆုံးအချိန်နှင့် ကိုက်ညီသော မြေပုံများ၊

(ထ) တင်ဆောင်မည့် အလေးချိန်စာရင်း၊

(ဒ) လေယာဉ်အလေးချိန် ချိန်ညှိထားသော စာရွက်စာတမ်း၊

(ဓ) ခရီးသည်များ တင်ဆောင်ပါက အမည်စာရင်းနှင့် ၎င်းတို့အတက်အဆင်းပြုလုပ်မည့် နေရာဒေသများစာရင်း၊

(န) ကုန်ပစ္စည်းများတင်ဆောင်ပါက ကုန်ပစ္စည်းစာရင်းနှင့် အသေးစိတ်ရှင်းလင်းဖော်ပြချက်၊

(ပ) လေယာဉ်၏ စက်မှုပိုင်းဆိုင်ရာ မှတ်တမ်းစာအုပ်၊

(ဖ) ကြားဖြတ်ဝင်ရောက်လာနိုင်မည့် အခြားမြို့ပြလေယာဉ်များအတွက် သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များ၊

(ဗ) မိုးလေဝသခန့်မှန်းချက်၊

(ဘ) လေယာဉ်သားများအားပေးသော သတိပေးနှိုးဆော်စာ။

**ခရီးသွား စာရွက်စာတမ်းအမှတ်အသားများ မပါရှိသူများကို သယ်ယူပို့ဆောင်ခြင်းမှ တားမြစ်ခြင်း**

၁၄။ (က) မည်သည့်လေယာဉ်၏ တာဝန်ရှိသူမည်သူမဆို လေယာဉ်ပေါ်၌ လိုက်ပါလာသူအားလုံးတွင် တရားဝင်ခရီးသွား စာရွက်စာတမ်းအမှတ်အသားများ မပါရှိပါက ၎င်းလေယာဉ်ကို မြန်မာနိုင်ငံပြင်ပရှိ နေရာတစ်နေရာမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် မပြုရ။

(ခ) နည်းဥပဒေခွဲ (က) ကို ဆန့်ကျင်၍ လေယာဉ်တစ်စီးကို မြန်မာနိုင်ငံတွင်းသို့ ပျံသန်းဝင်ရောက်လာပါက ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က ယေဘုယျအားဖြင့် သို့မဟုတ် အထူးအားဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသူကဖြစ်စေ အဆိုပါ လေယာဉ်၏ ပိုင်ရှင် သို့မဟုတ် လေယာဉ်အတွက် တာဝန်ရှိသူကို တရားဝင် ခရီးသွားစာရွက်စာတမ်းအမှတ်အသားများ မပါရှိသောသူ သို့မဟုတ် သူများကို လေယာဉ်ပေါ်တင်၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံမှ ပြန်လည်သယ်ဆောင်သွားရန် ညွှန်ကြားနိုင်ပြီး လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်အတွက် တာဝန်ရှိသူက ထိုညွှန်ကြားချက်ကို လိုက်နာရမည်။

**လေယာဉ်မောင်းခန်းအတွင်း စစ်ဆေးဆောင်ရွက်ရမည့်အချက်များအား သယ်ဆောင်ခြင်း**

၁၅။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်တွင်မဆို ဦးစီးဌာနက သတ်မှတ်ထားသော အချက်အလက်များနှင့်အညီ လေယာဉ်မောင်းခန်းအတွင်း စစ်ဆေးရမည့် အချက်အလက်များနှင့် အရေးပေါ် အခြေအနေတွင် စစ်ဆေးဆောင်ရွက်ရမည့် အချက်အလက်များကို ထားရှိရမည်။ အဆိုပါ အချက်အလက် များကို လေယာဉ်မောင်းခန်းအတွင်း လေယာဉ်မှူးများ အလွယ်တကူ ရယူအသုံးပြုနိုင်မည့် နေရာများတွင်သာ ထားရှိရမည် ဖြစ်သည်။

**လက်နက်၊ ခဲယမ်းမီးကျောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ စစ်သုံးပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း စသည်တို့ သယ်ဆောင်ခြင်း**

၁၆။ (က) သက်ဆိုင်ရာအစိုးရဌာန၏ ညှိနှိုင်းချက်အရ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် ခွင့်ပြုချက် စာနှင့် ထိုခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်အညီမှအပ မည်သူမျှ မြန်မာနိုင်ငံသို့ဖြစ်စေ၊ မြန်မာနိုင်ငံမှဖြစ်စေ၊ မြန်မာနိုင်ငံအတွင်းဖြစ်စေ၊ မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်၍ဖြစ်စေ ပျံသန်းသော မည်သည့်လေယာဉ်ပေါ်ကိုမဆို လက်နက်များ၊ ခဲယမ်းမီးကျောက်၊ စစ်လက်နက် ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းနှင့် စစ်ပစ္စည်းများ သယ်ဆောင်ခြင်း၊ သယ်ဆောင် စေခြင်း သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုခြင်း မပြုလုပ်ရ။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုသည့် မည်သည့်ကုန်ပစ္စည်းကိုမဆို သယ်ဆောင်ခွင့်ပြုသည့်အခါ လေယာဉ်မောင်း၊ ကုန်ပစ္စည်းတင်ပို့သူနှင့် ကုန်ပစ္စည်းတင်ပို့ရန် ကြိုတင်မှာကြားသူ၊ ကုန်ပစ္စည်း ကိုင်တွယ်ဆောင်ရွက်သူ သို့မဟုတ် သယ်ဆောင်သူတို့သည် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ် ပေါ်တွင်လိုက်ပါသောသူများကိုဖြစ်စေ၊ အခြားသူများနှင့် ပစ္စည်းဥစ္စာများကိုဖြစ်စေ အန္တရာယ် မဖြစ်စေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည် -

(၁) အန္တရာယ်ဖြစ်စေနိုင်ခြင်းမှ ရှောင်ရှားနိုင်ရန် ကုန်ပစ္စည်းဇာစ်မြစ်များကို ထုပ်ပိုးခြင်း၊ အကာအကွယ်ပြုခြင်းနှင့် လုံခြုံစွာထားသိုခြင်း၊

(၂) လေယာဉ်ပေါ်တွင် လိုက်ပါသော ခရီးသည်များမှ မဝင်ရောက် မထိတွေ့နိုင်သည့်နေရာတွင် ကုန်ပစ္စည်းများကို ထားရှိခြင်း၊

(၃) ကုန်ပစ္စည်းများ၏ သဘောသဘာဝကို ၎င်းကုန်ပစ္စည်းထုပ်များအပေါ်တွင် ရှင်းရှင်းလင်းလင်းနှင့် သိသာထင်ရှားစွာ အမှတ်အသားပြုလုပ်ထားခြင်း။

(ဂ) ကုန်တင်ပို့သူသည် လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူအား ကုန်ပစ္စည်းများ၏ သဘောသဘာဝ၊ အလေးချိန်နှင့် အရေအတွက်၊ ကုန်လက်ခံမည့်သူ၏ အမည်နှင့် နေရပ် လိပ်စာ အပြည့်အစုံတို့ကို ဖော်ပြသည့် အကြောင်းကြားစာ ပေးရမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို လေယာဉ်ပေါ်သို့မတင်မီ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူက အဆိုပါ အချက်အလက်များကို လေယာဉ်မှူးကြီးသို့ အသိပေးရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသော မည်သည့်အရာရှိကမဆို ဤနည်းဥပဒေပါ စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်မည်ဟု ယုံကြည်ရန် အကြောင်းရှိပါက ကုန်ပစ္စည်းများ၏ သဘောသဘာဝကို အသေးစိတ်စစ်ဆေးခြင်း မပြုလုပ်နိုင်မီ သို့မဟုတ် ထိုကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်မချနိုင်မီအထိ ထိုကုန်ပစ္စည်းများကို ထိန်းသိမ်းထားနိုင်သည်။

**လိုင်စင် စသည်တို့ ထုတ်ပြခြင်း**

၁၇။ အခန်း ၁၁ အရ ထုတ်ပေးထားသည့် လိုင်စင်မှအပ ဤနည်းဥပဒေများနှင့်အညီ ထုတ်ပေးထားသည့် သို့မဟုတ် ကိုင်ဆောင်ထားရန် လိုအပ်သည့် မည်သည့်လိုင်စင်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်တမ်းစာအုပ်

သို့မဟုတ် စာရွက်စာတမ်းကိုမဆို စစ်ဆေးကြည့်ရှုရန်အလို့ငှာ ဦးစီးဌာနက အခွင့်အာဏာအပ်နှင်းထားသော စစ်ဆေးရေးမှူးကသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စရပ်အတွက် အထူး သို့မဟုတ် အထွေထွေအမိန့်ဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း တောင်းဆိုပါက လိုင်စင်ကိုင်ဆောင်သူကဖြစ်စေ၊ လေယာဉ် သို့မဟုတ် လိုင်စင်ရလေယာဉ်ကွင်းတို့ဖြစ်ပါက ပိုင်ရှင်၊ ငှားရမ်းသူ သို့မဟုတ် တာဝန်ခံကဖြစ်စေ ထုတ်ပြရမည်။

သို့ရာတွင် လေယာဉ် သို့မဟုတ် ၎င်းလေယာဉ်၏ အမှုထမ်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်တမ်းစာအုပ်နှင့် စာတမ်းအမှတ်အသားများသည် ဤနည်းဥပဒေများအရ လေယာဉ်ပေါ်တွင် ယူဆောင်ရန် လိုအပ်ချက်မရှိပါက ၎င်းတို့ကိုတင်ပြရန် တောင်းဆိုသည့်အချိန်မှ ၂၄ နာရီအတွင်း ထုတ်ပြရမည်။

## ဤနည်းဥပဒေများနှင့် ဆန့်ကျင်သည့် ပျံသန်းမှုများကို တားဆီးခြင်း

၁၈။ (က) ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ၏ ပုဒ်မ ၈ အရ လေယာဉ်များကို တားမြစ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် အာဏာပိုင်က ညွှန်ကြားစာထုတ်ပြန်၍ တားမြစ်နိုင်သည်။ အဆိုပါ တားမြစ်မည့် လေယာဉ်မှူး သို့မဟုတ် တားမြစ်မည့် လေယာဉ်၏ တာဝန်ခံသို့ စာဖြင့် ညွှန်ကြားချက်ထုတ်ပြန်ခြင်းဖြင့်သော်လည်းကောင်း၊ ထိုသို့ တားမြစ်ခြင်းကို ထိရောက်မှုရှိစေရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း လေယာဉ်ကို တားမြစ်နိုင်သည်။ အကယ်၍ တားမြစ်ပိုင်ခွင့်ရှိသည့်ပုဂ္ဂိုလ်က တားမြစ်ထားသည့်လေယာဉ်ကို လေယာဉ်ကွင်းတစ်ခုခုတွင် ထားသိုခြင်း သို့မဟုတ် ထားရှိခြင်းဖြစ်ပါက ထားသိုခ သို့မဟုတ် ထားရှိခကို တားမြစ်ထားသည့် ကာလတစ်လျှောက်လုံးအတွက် ပေးဆောင်ရမည်။

(ခ) ဤနည်းဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်သူ မည်သူမဆို ဤနည်းဥပဒေများနှင့်ဆန့်ကျင်၍ ဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ၎င်းအပေါ် ချမှတ်ရမည့် အခြားပြစ်ဒဏ်တစ်စုံတစ်ရာကို ထိခိုက်မှုမရှိစေရ။

## ထပ်ဆင့်ထောက်ခံသောလိုင်စင်၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်နှင့် အတည်ပြုချက်တို့ကို ပယ်ဖျက်ခြင်းနှင့် ယာယီရပ်ဆိုင်းခြင်း

၁၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) လေယာဉ်တစ်စီးစီးနှင့်စပ်လျဉ်း၍ သူတစ်ဦးတစ်ယောက်က ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရပါက ညွှန်ကြားရေးမှူးချုပ်သည် ဤနည်းဥပဒေများအရ ထိုလေယာဉ်အား ထုတ်ပေးထားသည့် လေယာဉ်မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည်။

(၂) အောက်ဖော်ပြပါအချက်များအရ ယုတ္တိတန်သော သံသယရှိကြောင်းကို ကျေနပ်လက်ခံပါက ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေ သို့မဟုတ် လေယာဉ်အစိတ်အပိုင်း သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ လက်ခံထားသည့် လေယာဉ်အမျိုးအစားအတွက် ဤနည်းဥပဒေအရ ထုတ်ပေးထားသော မည်သည့်အသိအမှတ်ပြုလက်မှတ်ကိုမဆို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည် -

(ကက) လေယာဉ် သို့မဟုတ် လေယာဉ်အမျိုးအစားဘေးအန္တရာယ်ကင်းရှင်းမှု အခြေအနေ သို့မဟုတ်

(ခခ) လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသည့် အစိတ်အပိုင်း သို့မဟုတ် ဆက်စပ်ပစ္စည်းများ၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေ

ထို့ပြင် အဆိုပါ လက်မှတ်နှင့်ပူးတွဲသည့် စည်းကမ်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုံလောက်သော ဘေးကင်းမှုအတိုင်းအတာကို ပေးစွမ်းနိုင်ခြင်းမရှိဟု ယုတ္တိတန်သော သံသယရှိကြောင်းကို ကျေနပ်လက်ခံပါက ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ စည်းကမ်းချက်များကို ပြောင်းလဲနိုင်သည်။

(၃) သူတစ်ဦးဦးက ဤနည်းဥပဒေများကိုဖြစ်စေ၊ နည်းဥပဒေ ၁၃၇ အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိလျှင် ထိုသူအား ကြားနာခွင့်ကို စာဖြင့်မှတ်တမ်းတင်ပြီး ၎င်းအားထုတ်ပေးထားသော လိုင်စင်၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ အတည်ပြုချက်ကို ယာယီ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ် ပြောင်းလဲခြင်း ပြုနိုင်သည်။

(၄) ခိုင်လုံသောအကြောင်းပြချက်ရှိသည်ဟု ယုံကြည်ပါက သို့မဟုတ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း အများပြည်သူအကျိုးငှာ ယာယီရပ်ဆိုင်းထားရန် လိုအပ်သည်ဟု ယုံကြည်ပါက စာဖြင့် အကြောင်းပြချက်များကို မှတ်တမ်းတင်၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(ကက) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက် သို့မဟုတ် မည်သည့်လက်မှတ်၊ အဆင့်သတ်မှတ်ချက် သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက် အခွင့်ထူးများကိုမဆို မည်သည့်သတ်မှတ်ကာလအတွက် ဖြစ်စေ ယာယီရပ်ဆိုင်းနိုင်သည်။

(ခခ) ကိစ္စတစ်ခုကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း မည်သည့်လက်မှတ်၊ အရည်အသွေး စံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ကိုမဆို ယာယီရပ်ဆိုင်း နိုင်သည်။

(ဂဂ) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ကိုမဆို ပယ်ဖျက်နိုင်သည်။

(ဃဃ) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်တွင်မဆို ပြစ်တင်သည့် မှတ်ချက် ရေးသွင်းနိုင်သည်။

(၅) ၎င်းကထုတ်ပေးသော မည်သည့်လိုင်စင် သို့မဟုတ် လက်မှတ်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက် သို့မဟုတ် မည်သည့်ခရီးသွားမှတ်တမ်းစာအုပ်တွင်မဆို ၎င်းက သို့မဟုတ် ၎င်းကလုပ်ပိုင်ခွင့် လွှဲအပ်ထားသူက ရေးသွင်းထားသော အချက်အလက်များကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

(၆) ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် လိုင်စင်၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်နှင့် အတည်ပြုချက် သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ခုခု ကိုင်ဆောင်ထားသူအား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း သို့မဟုတ် စာရွက်စာတမ်းများအား ပြောင်းလဲခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၁၉ (က) (၆) ပါ လိုအပ်ချက်များကို ရက်ပေါင်း ၁၅ ရက်အတွင်း လိုက်နာရန် ပျက်ကွက်ပါက ဤနည်းဥပဒေများအား ကျူးလွန်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

***ရှင်းလင်းချက်။*** မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း၊ လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ကိုမဆို ယာယီ ရပ်ဆိုင်းရန် အကြောင်းပြချက်သည် အထက်ပါနည်းဥပဒေခွဲအရ အများပြည်သူအကျိုးငှာ လုံလောက်သော အကြောင်းပြချက် ဖြစ် မဖြစ်အပေါ် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် တရားဝင်အတည်ဖြစ်သည်။

## စက်မဲ့လေယာဉ်နှင့် လေတံခွန်များအပေါ် သက်ဆိုင်မှုမရှိသော ကိစ္စရပ်များ

၂၀။ နည်းဥပဒေ ၁၃ ပါ ဖော်ပြချက်များသည် စက်မဲ့လေယာဉ် (gliders) နှင့် သက်ဆိုင်ခြင်း မရှိစေရ။ ထို့ပြင် နည်းဥပဒေ ၇၊ ၉၊ ၁၃၊ ၁၇၊ ၁၉၊ ၂၅၊ ၂၈ နှင့် အခန်း (၃) ပါ ဖော်ပြချက်များသည် လေယာဉ်မှ အရာဝတ္ထုများပစ်ချသည့်ကိစ္စနှင့်စပ်လျဉ်း၍ လေတံခွန် (Kites) နှင့် သက်ဆိုင်ခြင်း မရှိစေရ။

## လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်တက်သူများအား လုံခြုံရေးစစ်ဆေးခြင်း

၂၁။ လေကြောင်းပျံသန်းရေးတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံစိတ်ချစေရန်အလို့ငှာ လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်တက်ရောက်သူတိုင်း ၎င်းတို့၏လက်ဆွဲအိတ်များ (ရှိလျှင်) နှင့်အတူ လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်မတက်မီ ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် အရာရှိ၏ ရှာဖွေစစ်ဆေးမှုကို ခံယူရမည်။

## ရေဒီယိုကြေးနန်းစက်ပစ္စည်းကိရိယာများ

၂၂။ (က) ဤနည်းဥပဒေများ၏ အခန်း ၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပေးထားသည့် လိုင်စင် အမျိုးအစားကို ကိုင်ဆောင်ထားခြင်းမရှိပါက မည်သူမျှ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်တွင်မဆို ရေဒီယိုတယ်လီဖုန်းစက်ကိရိယာများကို မည်သူမျှ တပ်ဆင် အသုံးမပြုရ။

(ခ) လေယာဉ်တွင် တပ်ဆင်အသုံးပြုသော ရေဒီယိုထုတ်လွှင့်သည့် စက်ကိရိယာများကို ၁၉၈၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ တယ်လီကွန်းဆက်သွယ်ရေးကွန်ဗင်းရှင်း (နိုင်ရိုဘီကွန်ဗင်းရှင်း) တွင် ဖွင့်ဆိုထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ယင်း၏နောက်ဆက်တွဲပါ အထွေထွေရေဒီယို ဆက်သွယ်ရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်သမျှ လိုက်နာအသုံးပြုရမည့်အပြင် ညွှန်ကြားရေးမှူးချုပ်က လေယာဉ်ပျံသန်းစဉ် သုံးခွင့်ပြုထားသည့် အချိန်နာရီများအတွင်းသာ အသုံးပြုရမည်။

(ဂ) ဤနည်းဥပဒေတွင်ပါရှိသည့် သတ်မှတ်ချက်များအပြင် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် ယင်းဥပဒေအရပြုလုပ်သည့် ရေဒီယိုကြေးနန်း၊ ရေဒီယိုစက်ကိရိယာများ လိုင်စင်ရှိရန် လိုအပ်သော နည်းဥပဒေများကိုလည်း လိုက်နာရမည်။

## ချောစာများ

၂၃။ မြန်မာ့စာတိုက်နှင့် ကြေးနန်းလုပ်ငန်းမှ တာဝန်ရှိသူ၏ စာဖြင့် သဘောတူညီချက်မရှိဘဲ မည်သူမျှ မည်သည့်လေယာဉ်တွင်မဆို ချောစာသယ်ဆောင်ခြင်း သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုခြင်း မပြုရ။

## လေယာဉ်ကွင်းများ

၂၄။ (က) ဤနည်းဥပဒေများ၏ အခန်း (၉) ပါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးထားသော သို့မဟုတ် ခွင့်ပြုထားသော လေယာဉ်ကွင်းမှအပ ခရီးသည်များကို အခကြေးငွေ သို့မဟုတ် အခကြေးငွေ ကင်းလွတ်ခွင့် (Reward) ဖြင့် သယ်ဆောင်သည့်လေယာဉ်ဖြင့် အစီအစဉ်အရ ဆင်းသက်ရန်နှင့် ထွက်ခွာရန်အတွက်လည်းကောင်း၊ ပုံမှန်လေကြောင်းပို့ဆောင်ရေးခရီးစဉ်များ ပျံသန်းသည့်လေယာဉ်ဖြင့် အချိန်မှန်ဆင်းသက်ရန်နှင့် ထွက်ခွာရန်အတွက်လည်းကောင်း မည်သည့်လေယာဉ်မှူး သို့မဟုတ် လေယာဉ်တာဝန်ခံမဆို မည်သည့်နေရာကိုမျှ အသုံးမပြုရ။

(ခ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့် လေယာဉ်ကွင်းမှအပ အခြားလေယာဉ်ကွင်းတစ်ခု၏ မည်သည့်ပိုင်ရှင်မဆို ၎င်း၏လေယာဉ်ကွင်းကို နည်းဥပဒေခွဲနှင့်ဆန့်ကျင်၍ အသုံးပြုရန် ခွင့်မပြုရ။

(ဂ) ဤနည်းဥပဒေများနှင့်အညီ လေယာဉ်ပေါ်တွင်ပါရှိသူမှအပ မည်သူမျှခွင့်ပြုချက်ရ သို့မဟုတ် လိုင်စင်ရလေယာဉ်ကွင်းတစ်ခု၏ လေယာဉ်ဆင်းသက်ရာနေရာ၊ လှုပ်ရှားသွားလာနေသည့် နေရာတို့တွင် ထိုလေယာဉ်ကွင်းတာဝန်ခံ၏ သဘောတူညီချက်မရရှိဘဲ ဝင်ရောက်ခြင်း မပြုရ။

**တားမြစ်နယ်မြေများ**

၂၅။ (က) နောက်ဆက်တွဲဇယား ၁ တွင် သတ်မှတ်ထားသည့် နယ်မြေတစ်ခုခုအပေါ်မှ အဆိုပါ ဇယားတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီမှတစ်ပါး မည်သူမျှ လေယာဉ် ဖြတ်ကျော်ပျံသန်းခြင်း သို့မဟုတ် ဖြတ်ကျော်ပျံသန်းရာတွင် ကူညီခြင်းမပြုရ၊

(ခ) လေယာဉ်မှူးတိုင်းက မိမိမောင်းနှင်နေသည့်လေယာဉ်သည် နည်းဥပဒေခွဲ (က) နှင့်ဆန့်ကျင်၍ တားမြစ်နယ်မြေတစ်ခုပေါ်သို့ ရောက်ရှိနေကြောင်းသိလျှင်သိခြင်း နည်းဥပဒေ ၂၉ တွင် ရည်ညွှန်းသတ်မှတ်ထားသည့် ဘေးအန္တရာယ်ကျရောက်နေသည့်အချက်ပြပြီး တားမြစ်နယ်မြေ၏ ပြင်ပ မြန်မာနိုင်ငံအတွင်းရှိ အနီးဆုံးလေယာဉ်ကွင်းတစ်ခုခုတွင် အမြန်ဆုံး ဆင်းသက်ရမည်။

သို့ရာတွင် အဆိုပါ လေယာဉ်မှူးသည် ရာသီဥတုဒဏ် သို့မဟုတ် အခြားမလွှဲမရှောင်သာသော အကြောင်းတစ်ခုခု၏ လှုံ့ဆော်မှုကြောင့်မှအပ တားမြစ်နယ်မြေအတွင်းသို့ ရှေ့တိုးဝင်ရောက်ခြင်း သို့မဟုတ် တားမြစ်နယ်မြေအပေါ် ရှိနေဆဲအချိန်တွင် စတင်ဆင်းသက်ခြင်း မပြုလုပ်ရ။

(ဂ) ကန့်သတ်နယ်မြေ၊ တားမြစ်နယ်မြေ သို့မဟုတ် ဘေးအန္တရာယ်ရှိသော နယ်မြေအနီးမှ ပျံသန်းနေသော လေယာဉ်တစ်စီးအား နည်းဥပဒေ ၂၉ ကို ကိုးကား၍ သတိပေးသည့် အချက်ပြမီးများပြသည့်အခါ လေယာဉ်မှူးသည် လေယာဉ်၏လမ်းကြောင်းကို ချက်ချင်းပြောင်း၍ ထိုတားမြစ်နယ်မြေအတွင်းမှ ထွက်ခွာပျံသန်းသွားရမည်။

(ဃ) နည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လေယာဉ်ကွင်း ထိန်းချုပ်မျှော်စင်မှ အချက်ပြ မီးနှင့် အရောင်များပြလာသည့်အခါ လေယာဉ်မှူးသည် နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့် အချက်ပြမီးကို ချက်ချင်းပြပြီး ထိုနည်းဥပဒေခွဲနှင့်အညီ လေယာဉ်ကို ဆင်းသက်ရမည်။

**လေယာဉ်ကွင်းတွင်ဖြစ်စေ၊ လေယာဉ်မှဖြစ်စေ ဓာတ်ပုံရိုက်ခြင်း**

၂၆။ မည်သူမျှ အစိုးရလေယာဉ်ကွင်းတွင်ဖြစ်စေ၊ လေယာဉ်ပျံသန်းစဉ် လေယာဉ်ပေါ်မှဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်စာပါ စည်းကမ်းချက်များနှင့်မညီဘဲ ဓာတ်ပုံရိုက်ခြင်း၊ ဓာတ်ပုံရိုက်စေခြင်း သို့မဟုတ် ရိုက်ခွင့်ပြုခြင်း မပြုလုပ်ရ။

သို့ရာတွင် ဦးစီးဌာနသည် တရားဝင်ပြန်တမ်းတွင် ထည့်သွင်းအသိပေးခြင်းဖြင့် မည်သည့်အစိုးရ ပိုင်လေယာဉ်ကွင်း သို့မဟုတ် မည်သည့်အစိုးရပိုင်လေယာဉ်ကွင်းက သတ်မှတ်ထားသည့် နယ်မြေအတွင်း ဤကန့်သတ်ချက်များသည် မည်သည့် ဓာတ်ပုံရိုက်ကူးခြင်းကိုမဆို သက်ရောက်မှုမရှိစေရကြောင်း အခါ အားလျော်စွာ ညွှန်ကြားနိုင်သည်။

**အချို့သောလေယာဉ်များအတွက် သီးသန့်ထားသည့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်နှင့် အများပြည်သူ သယ်ယူပို့ဆောင်ခြင်း**

၂၇။ ဤနည်းဥပဒေများ၏ အခန်း (၄)၊ နည်းဥပဒေ ၄၇ ပါ အတန်းအစား "ခ" နှင့်အညီ မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်မဆို ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ် သို့မဟုတ် အများပြည်သူသယ်ယူပို့ဆောင်သည့် လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်အဖြစ် အသုံးမပြုရ။

သို့ရာတွင် အခန်း (၄)၊ နည်းဥပဒေ ၄၇ ပါ အတန်းအစား "က" နှင့်အညီ မှတ်ပုံတင်ထားသည့် လေယာဉ်များမှအပ ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ် သို့မဟုတ် အများပြည်သူ သယ်ယူပို့ဆောင်သည့် လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်အဖြစ် ဝန်ကြီးဌာနက အခါအားလျော်စွာ ခွင့်ပြုခြင်း သို့မဟုတ် ကန့်သတ်ချက်များဖြင့် ခွင့်ပြုခြင်းပြုလုပ်နိုင်သည်။ ထိုသို့သော ကန့်သတ်ချက်များကို ထိုလေယာဉ်၏ပိုင်ရှင် သို့မဟုတ် ထိုလေယာဉ်ဖြင့် လုပ်ငန်း ဆောင်ရွက်သူထံစာဖြင့် အကြောင်းကြားပြီးပါက တရားဝင် သတ်မှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်<br>( ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ကယားပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်အေးမူ အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၂၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၉၇/ ရွာထောင်အရှေ့၊ မြေကွက်အမှတ် (F - ၁၅၅/၃၆၆)၊ မြေဧရိယာ **(၃. ၇၇) ဧက** အား **ဆဌာရာမမဏ္ဍလ ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၆/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြိုဝန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၅၆/ကြိုဝန်း၊ ဦးပိုင်အမှတ် (၄၅/၁၊ ၄၆)၊ မြေဧရိယာ **(၈. ၈၃) ဧက** အား **မနောရထပူရဏီမြစကြာတောရစာသင်စာချပရိယတ္တိကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၇/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ လယ်တီရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆၈၀/လှေကူးမြောက်၊ ဦးပိုင်အမှတ် (၂၄)၊ မြေဧရိယာ **(၀. ၆၂) ဧက** အား **သာသနာ့ရောင်ခြည်မြတ်ပါရမီ၊ သီလရှင်စာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၈/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ လွယ်မောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၁/လွယ်မောရွာမကွင်း၊ ဦးပိုင်အမှတ်-၈၃/၄၊ မြေကွက်အမှတ်-၁/၈၇၀ ရှိ မြေဧရိယာ **၆. ၁၀ ဧက** အား **ချမ်းမြေ့ဓမ္မရိပ်သာ** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမှတ် ၃ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၉၂၀/၂၀၁၉) (လဆ) အရ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) များအား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁။ | ဦးအောင်ဗိုလ် (၂) | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့။ |
| ၂။ | ဦးစိုးနိုင် (၂) | ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့။ |

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၃/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခတို့ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ မရှိ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) တို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် အငှားပိုင်ဆိုင်သူက အငှားချထားသူသို့ ပစ္စည်းတစ်ခုခု ငှားရမ်းခြင်းအတွက် ပေးရသည့် ပရီမီယံ (Lease Premium) နှင့် လစဉ်ငှားရမ်းခ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) တို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် ပစ္စည်းတစ်ခုခုကို အငှားချထားသူများနှင့် အငှားပိုင်ဆိုင်သူများ အပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

**သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ**

၄။ **အငှားချထားသူ**ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်းတစ်ခုခုကို သတ်မှတ်ထားသည့်ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါရယူ၍ အငှားချထားသောပစ္စည်း၏ ပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ**ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားယူရာတွင် သတ်မှတ်ထားသည့် ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါ အငှားချထားသူသို့ ပေးချေ၍ ငှားယူသူကို ဆိုလိုပါသည်။

၆။ **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)**ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခွင့်ရရှိရန် အတွက် အငှားပိုင်ဆိုင်လိုသူက အငှားချထားသူသို့ တစ်လုံးတည်းပေးချေရသည့် ငွေကို ဆိုလိုပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၇။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဒ) နှင့် (ဓ) တို့တွင် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ၊ ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ တင်သွင်းသူ၊ ကုန်းပေါ်ရောက်တန်ဖိုး၊ ကုန်သွယ်မှု၊ ကုန်သွယ်မှုဆောင်ရွက်သူဟူသော စကားရပ်တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄ တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဆောင်ရွက်မှုများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရန် တာဝန်နှင့်စပ်လျဉ်း၍ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားပါသည်။ ကျသင့်သည့် အခွန်နှုန်းနှင့် အခြေခံတွက်ချက်ရမည့် သတ်မှတ်ချက်များကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (င) တို့တွင် ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ ကုန်သွယ်လုပ်ငန်းခွန်သည် ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ တင်သွင်းလာသော ကုန်စည်ကို ပြန်လည်ရောင်းချခြင်းနှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းတို့အတွက် ကုန်စည် ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ကုန်စည်တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ဝန်ဆောင်မှု ဆောင်ရွက်ခြင်းအတွက် ဝန်ဆောင်မှု လုပ်ငန်းများမှရငွေအပေါ်တွင်လည်းကောင်း ကျသင့်ခြင်းဖြစ်ပါသည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် **ကုန်စည်**ဆိုသည်မှာ ပြည်ပမှ တင်သွင်းသောပစ္စည်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ပြည်တွင်း၌ ထုတ်လုပ်သည့်ပစ္စည်းကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် **ဝန်ဆောင်မှု**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်**

၈။ ပစ္စည်းတစ်ခုခုကို အငှားချရာတွင် အငှားချထားသူက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ရရှိပါသည်။ ငှားရမ်းမှုသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) လက်ခံရရှိခြင်းသည် အငှားပိုင်ဆိုင်ခွင့်ဟူသော အခွင့်အရေးတစ်ရပ်အတွက်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ထိတွေ့၍ မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်နှင့်အညီ လွှဲပြောင်းပေးရန်အတွက် လက်ခံရယူခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ ထိတွေ့၍မရသောပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းသည် ကုန်စည်ကို လွှဲပြောင်းပေးခြင်းမဟုတ်သကဲ့သို့ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းလည်း မဟုတ်ပါ။ သို့ဖြစ်၍ ယင်းသို့ ငှားရမ်းခြင်းကြောင့် အဆိုပါပစ္စည်း အသုံးပြုခွင့်အတွက် သို့မဟုတ် ငှားရမ်းရန်ရည်ရွယ်ထားသည့် ထိတွေ့၍ မရသောပစ္စည်းကို ပိုင်ဆိုင်ခွင့်ရရန်အတွက် ပေးရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းမရှိပါ။

**နမူနာဖြစ်စဉ်**

စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော 'အေ' သည် သူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် 'ဘီ' ထံမှ အဆောက်အအုံတစ်ခုကို ငှားရမ်းရယူပါသည်။ ထိုငှားရမ်းခြင်း သဘောတူစာချုပ်အရ -

(က) 'အေ' သည် 'ဘီ' ကို အဆောက်အအုံ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၀၀၀,၀၀၀ ပေးရပါသည်။

(ခ) 'အေ' သည် ထိုငှားရမ်းခြင်း သဘောတူစာချုပ်အတွက် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို 'ဘီ' သို့ ပေးရပါသည်။

**ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းခြင်းဆိုင်ရာ သတ်မှတ်ချက်ကို ကျင့်သုံးခြင်း**

'ဘီ' သည် 'အေ' ထံမှရရှိသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် 'ဘီ' သည် 'အေ' သို့ ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းမဟုတ်သောကြောင့် ဖြစ်ပါသည်။ 'ဘီ' သည် ၎င်းပိုင်ဆိုင်သောအဆောက်အအုံကို ငှားရမ်းအသုံးပြုခွင့်ပြုခြင်းဖြင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့် သို့မဟုတ် အငှားပိုင်ဆိုင်ခွင့်ကို 'အေ' သို့ ပေးခြင်းဖြင့် အဆိုပါ ထိတွေ့၍မရသော ပစ္စည်းကို လွှဲပြောင်းပေးခြင်းသာဖြစ်ပါသည်။

သို့ရာတွင် 'ဘီ' သည် 'အေ' ထံမှ လစဉ်ရရှိသော အဆောက်အအုံငှားရမ်းခ ကျပ် ၂,၀၀၀,၀၀၀ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုငှားရမ်းခ ရငွေသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့အရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်မရှိသော ဝန်ဆောင်မှုဖြစ်သောကြောင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းဖြစ်ပါသည်။

'အေ' သည် 'ဘီ' ကို ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်မပေးရခြင်းမှာ 'အေ' က 'ဘီ' သို့ ပေးချေရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) သည် ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအတွက် ပေးချေမှု မဟုတ်သောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် 'အေ' သည် 'ဘီ' ထံသို့ လစဉ်အဆောက်အအုံ ငှားရမ်းခ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) နှင့်အတူ ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်း ၄၂ အရ ပြန်လည်ခုနှိမ်ခွင့်ရှိပါသည်။

၉။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice Under Section 348 of the Myanmar Companies Law

**SASA MYANMAR CO., LTD**

(In Members' Voluntary Winding-Up)

According to the Special Resolution at the General Meeting held on 28th May, 2019 at Company's Office Room and it was resolved that:

(1) **SASA MYANMAR CO., LTD** be wound up voluntarily by the members with effect from 28-5-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding-up.

| | |
|---|---|
| U YE NOOS | DAW MOE MOE AYE |
| (LL.B) | (B.Com, Diploma in I.F.R & Business Law) |
| Supreme Court Advocate | CO-LIQUIDATOR |
| LIQUIDATOR | No. 176 (First Floor), Botahtaung Pagoda |
| YE NOOS & ASSOCIATES (Law Firm) | Road, Pazundaung Township, Yangon Region. |
| | Ph: 01-203023, 01-397234-35 |

(3) The creditors of **SASA MYANMAR CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 28th June, 2019.

Mr. KITTIPAT OERAREEMITR
Director
SASA MYANMAR CO., LTD

Notice Under Section 348 of the Myanmar Companies Law

**PROCTER & GAMBLE MYANMAR COMPANY LIMITED**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held on (31.3.2019), the resolution that Company was winding-up voluntarily and Mr. Shih-Feng, Chang Chien (Director of Procter & Gamble Myanmar Co., Ltd) was appointed as a Liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address give below at the day on (30.6.2019) or before that day.

Mr. RAFAEL ARTURO SORIANO FAJARDO
MANAGING DIRECTOR
PROCTER & GAMBLE MYANMAR CO., LTD

Mr. Shih-Feng, Chang Chien
Liquidator
No. 73-76, Waizayandar Road,
ThinganGyun Township, Yangon, Myanmar.

**ရွှေမန်းမြေ ကုမ္ပဏီလီမိတက်**

**(SHWE MAHN MYAE COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ရွှေမန်းမြေ ကုမ္ပဏီလီမိတက် (SHWE MAHN MYAE COMPANY LIMITED)** အား (၂၈-၅-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ) **ရွှေမန်းမြေ ကုမ္ပဏီလီမိတက် (SHWE MAHN MYAE COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

MYO AUNG
Managing Director
Shwe Mahn Myae Co., Ltd

**Notice of Special Resolutions Pursuant to Section 348**

In the matter of the Myanmar Companies Law (2017)

**NESTLE TRADING (THAILAND) LTD (YANGON BRANCH)**

**(In Members Voluntary Winding-up)**

At the Extraordinary General Meeting of the Members of the Branch Office held at No. (10-B), Inya Myaing Road, Bahan Township, Yangon Region, on 2019 the following, "Special Resolutions" were passed:

**Special Resolutions:-**

1. That the Branch Office be voluntarily wound-up by the members with effect from 28th May, 2019.
2. That Daw Khin Saw Yu, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.
3. That all persons claiming to be creditors of the above Branch Office are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No. (10-B), Inya Myaing Road, Bahan Township, Yangon Region, before 28th June, 2019.

Hayri Devrim Cobek
For and onbehalf of
Nestle Trading (Thailand) Ltd (Yangon Branch)

Khin Saw Yu
Liquidator

Notice Under Section 208 (E) Myanmar Companies Act

**INDUS INTERNATIONAL LIMITED**

(Members Voluntary Winding-Up)

**INVITATION TO FINAL MEETING**

A Final meeting of **INDUS INTERNATIONAL LIMITED** will be held on 31th June, 2019 at No. 176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar.

- Liquidator's report and return will be presented at the meeting.
- All member are invited to attend.

U YE NOOS
(LL.B)
Supreme Court Advocate
LIQUIDATOR
YE NOOS & ASSOCIATES (Law Firm)
No. 176 (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.

## ဖော့စ်(ရော့) မြန်မာလီမိတက်

## (FOSROC MYANMAR LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဖော့စ်(ရော့) မြန်မာလီမိတက် (FOSROC MYANMAR LIMITED)** အား မေလ (၂၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးဝင်းဆွေ (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

THIERRY, ANDRE, CHRISTIAN BALARD
Director
FOSROC MYANMAR LIMITED

ဦးဝင်းဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၅၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၉၊ ၄ လွှာ၊ ဦးဘဟန်လမ်း၊ (၂) ရပ်ကွက်၊
သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အက်(ဖ်)အမ်(မ်)အက်(စ်) လီမိတက်

## (FMS LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **အက်(ဖ်)အမ်(မ်)အက်(စ်) လီမိတက် (FMS LIMITED)** အား မေလ (၂၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းဆွေ (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

THIERRY, ANDRE, CHRISTIAN BALARD
Director
FMS Limited

ဦးဝင်းဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၅၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၉၊ ၄ လွှာ၊ ဦးဘဟန်လမ်း၊ (၂) ရပ်ကွက်၊
သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မွန်ဂျီထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် (ကုမ္ပဏီ)**

**MoonJI Production Company Limited (Company)**

(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၇၅၁၀၅၀၆)

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၅ နှင့် ၃၄၈ တို့အရ

**အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကြေညာခြင်း** နှင့်

**ကြွေးမြီတောင်းခံရန် ကြေညာခြင်း**

**အစုရှင်၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်**

၁။ **မွန်ဂျီ ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်** ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပသော အစုရှင်များ၏ အထူးအထွေထွေ အစည်းအဝေးမှ အစုရှင်၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ပါသည်။

၂။ ဦးကိုကိုရဲလွင်၊ အထက်တန်းရှေ့နေ စဉ်-၄၅၆၁၂၊ အမှတ် ၁၀/၁၂၊ အခန်း ၂၀၁၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

**ကြွေးမြီတောင်းခံရန်ကြေညာ**

မွန်ဂျီ ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်ထံမှ ကြွေးမြီတစ်စုံတစ်ရာ တောင်းခံရန်ရှိသူသည် အသေးစိတ်ဖော်ပြချက်နှင့် အထောက်အထားများပါ ပူးတွဲ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့မတိုင်မီ ပေးပို့တင်ပြရန်နှင့် ယင်း သတ်မှတ်ရက်မတိုင်မီ ပြည့်စုံစွာတင်ပြ တောင်းခံခြင်းမရှိသော ကြွေးမြီများနှင့် ပေးချေရန်များကို ပေးချေမှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးသီဟဇော်
ဒါရိုက်တာ
မွန်ဂျီ ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်
အမှတ် ၇ အီး၊ ၇ လွှာ၊ စထရန်းကွန်ဒို
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဦးကိုကိုရဲလွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် ၁၀/၁၂၊ အခန်း ၂၀၁၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**YAE KYI OO COMPANY LIMITED**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**YAE KYI OO COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ နံနက် (၁၁း၀၀) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်-ငပုတော ကားလမ်းဟောင်း၊ မိုင်တိုင်အမှတ် (၃/၅) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၃၁-၅-၂၀၁၉။